မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ်(၉၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမိုင်းပေး တာဝန်

နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးရန် ကြိုးပမ်းလျက်ရှိကြသော ကိုလိုနီနယ်ချဲ့လက်သစ်များ၏ အန္တရာယ်များကို တိုင်းရင်းသားပြည်သူအပေါင်းသည် အထူးသတိမူလျက် မိမိ၏စည်းလုံးညီညွတ် တောင့်တင်းခိုင်မာသော အင်အားဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်များနှင့် ၎င်းတို့၏ဇနီးနှင့် ခင်ပွန်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၅ ရက်)

နိုင်ငံတော်၏ စေတနာ အလေးထားသိမြင် ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားများ ဝိုင်းဝန်းပါဝင်ကြိုးပမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သော ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ပန်းတနော်- အိမ်မဲလမ်းပေါ်ရှိ သုံးခွချောင်းတံတား (ကျုံတိုင်းကြီး) ဖွင့်ပွဲအခမ်းအနားကို နှစ်ဦးအခါသမယ ဇန်နဝါရီ ၁ရက်နေ့က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် တည်ရှိနေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက "လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဒေသတစ်ခုစီရဲ့ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးလည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း၊ ဒေသတစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်သွယ်သွားလာနိုင်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက်သာမက တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကိုလည်း အထောက်အကူပြုစေမှာဖြစ်ကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်နှင့်တိုင်းများ ဆက်သွယ်ရေးလွယ်ကူစေရန် တံတားများကို တည်ဆောက်ပေးခဲ့ရာမှာ ဧရာဝတီတိုင်း အပါအဝင် ဖြစ်သည်။ ဧရာဝတီတိုင်းအတွင်း မော်တော်ကားလမ်းများဖောက်လုပ်ပြီး မြစ်ကူးတံတားများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့၍ ပြည်သူများအနေဖြင့် အချိန်တိုအတွင်း နေရာဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီ ဖြစ်သည်။

ယခုဖွင့်လှစ်ခဲ့သော သုံးခွချောင်းတံတား(ကျုံတိုင်းကြီး)ကြောင့် မြောင်းမြမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့ရှိ ကျေးရွာများစွာမှ ပြည်သူများ၏ လူမှုစီးပွားဘဝကို ပိုမိုအကျိုးပြုလာမည်ဖြစ်ပြီး ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည့်အတွက် မြို့ပြနှင့်ကျေးလက်ဒေသများ အကြားအလပ်မရှိ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယင်းတံတားဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့လာမည်ဖြစ်ပြီး စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းလုံး၌ တည်ဆောက်ပြီးဖြစ်သည့် ပေ၁၈၀အထက်တံတားကြီးများတွင် ယခုတံတားသည် ၂၁၇စင်းမြောက်ဖြစ်ပြီး ဧရာဝတီတိုင်းအတွင်း ၄၄စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် တံတားလည်းဖြစ်သည်။

သို့ဖြစ်ပေရာ ဧရာဝတီတိုင်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိရာမှာ ဒေသခံပြည်သူများကလည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အားသွန်ခွန်စိုက် လုံ့လဝီရိယစိုက်ထုတ်ကာ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒေသခံပြည်သူများက တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

ယခင် မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး(MEHS) အထက(၁)ဒဂုံကျောင်း၌ ၁၉၅၄ ခုနှစ်မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်စုစည်း၍ ဆရာကြီး ဆရာမကြီးများအား ဇန်နဝါရီ ၁၀ရက်(စနေနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဂါရဝပြု ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

လှူဒါန်းနိုင်

ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၀၈၇၅၀၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၁-၂၁၈၁၈၊ ဒေါ်ခင်သန်းမူ ဖုန်း-၅၄၅၇၄၆၊ ဒေါ်စန်းစန်း ဖုန်း-၀၉-၅၀-၁၇၁၉၆၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉-၉၉-၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ရီစလင်းလှ ဖုန်း-၅၆၆၆၅၂၊ ဒေါ်ဝေမောင်း ဖုန်း-၀၉-၈၀-၃၂၂၂၁၊ ဒေါ်ထားချို ဖုန်း-၅၃၄၇၈၀ နှင့် ဦးကြည်ဝင်း ဖုန်း-၀၉-၅၁-၄၁၀၄၁၊ ၀၉-၉၉-၂၄၇၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၅-၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေးအတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၀၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၁၅	၉။	ကျန်းမာကြံ့ခိုင် ဒို့မတ္တိုင်
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၃၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၂)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ရန်ကုန်တိုင်း၌ ကျောင်းဆောင်သစ်များနှင့် လမ်းသစ်ဖွင့်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းဆောင်သစ်ဖွင့်ပွဲများနှင့် လမ်းသစ်ဖွင့်ပွဲအခမ်းအနားများကို ယမန်နေ့က ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ အလျားပေ ၈၀ အနံပေ ၃၀ရှိ တစ်ထပ် Steel Structure စာသင်ဆောင်ဖွင့်ပွဲကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ အလျားပေ ၆၀၊ အနံပေ ၃၀ရှိ တစ်ထပ် Steel Structure စာသင်ဆောင်သစ်ဖွင့်ပွဲ ကျင်းပရာ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု ကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ရန်ကုန်မြို့တော်ဝန်က အမှာစကားပြောကြား၍ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် မင်္ဂလာဒုံမြို့နယ် တပ်မတော်စံပြရပ်ကွက် ဂျိုးဖြူလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ အရှည်ပေ ၉၈၀၊ အကျယ် ၁၄ပေရှိ လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

လမ်းသစ်ဖွင့်

ဆက်လက်၍ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်း လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်၊ အလုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် Asia World Co., Ltd. မှ ဒါရိုက်တာ ဦးသန်းမြင့်တို့က နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇း၀၀ -၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ -၁း၀၅	**မမေ့အပ်တဲ့လေးဌာန** တရားတော် (အပိုင်း-၂) သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ
၈း၀၀ -၂း၀၀	Soccer Update
၈း၂၀ -၂း၂၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ဆက်ရန်ရှိသေးသည်**
၈း၄၅ -၂း၄၅	နိုင်ငံတကာ အနုပညာရေးရာ
၉း၁၀ -၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ -၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ -၃း၂၅	ပဋ္ဌလက်အစာ (ဒေါက်တာချစ်စိုး၊ ဒေါက်တာမာမာကြည်)
၁၀း၀၀ -၄း၀၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၀၅ -၄း၀၅	Fashion Guide (Dozo Fashion Show)
၁၀း၃၅ -၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ -၄း၄၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဦးအောင်မွန်နှင့် တွေ့ဆုံခြင်း)
၁၁း၀၅ -၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	Activities in the City (မိုးယံရွှေလမင်းနှင့် မြတ်ဆုကုမ္ဘေ)
၁၁း၃၅ -၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ -၅း၄၀	Art Vision (December Lyric Art Exhibition)
၁၂း၀၀-၆း၀၀	ဂီတသံစဉ်အလှဆင် ဟေမာနေဝင်း
၁၂း၁၅ -၆း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ (လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ)
၁၂း၄၅ -၆း၄၅	Biz Net
၁၂း၅၅ -၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ -၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Blyth Spartans-Blackburn	Star Sports(Live)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်ကြီးကို ဇန်နဝါရီ ၃ရက်က ယင်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦးက မြို့နယ်လုံးဆိုင်ရာ ဘက်စုံထူးချွန်ဆုရ အဋ္ဌမတန်းမှ မခိုင်ခိုင်နွယ်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (၁၂၁)

● *ရှေ့ဖုံးမှ*

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော့ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမသို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Mu ဦးဆောင်သော သံတမန်များနှင့် ၄င်းတို့၏ ဇနီးနှင့် ခင်ပွန်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်

အဆိုပါ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၄င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၄င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Mu အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၄င်းတို့၏ဇနီးနှင့် ခင်ပွန်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၄င်းတို့၏ဇနီးများ၊ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ညှော့ခံဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော့ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်များနှင့် ၄င်းတို့၏ဇနီးနှင့် ခင်ပွန်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

လွှင့်တင်

ရှေးဦးစွာ နံနက် ၄နာရီ မိနစ် ၂၀တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အလံတင် တပ်စုက ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများပါဝင်သော စုစုပေါင်းအင်အား ၂၃၀၀ကျော်တို့သည် နံနက် ၆နာရီမှစတင်၍ ပြည်သူ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

နေရာယူ

ထို့အတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း တပ်ဖွဲ့အသီးသီးတို့မှ အရာရှိစစ်သည်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် နံနက် ၇နာရီတွင် ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့သည် ပြည်သူ့လွှတ်တော်ဝင်းအတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်နေရာ၌ နေရာယူသည်။

ထို့နောက် ရန်ကုန်တိုင်း ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရောက်ရှိလာကာ ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူသည်။

အလေးပြု

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာအဓိဋ္ဌာန် လေးချက်ကိုရွတ်ဆိုသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အခမ်းအနားသို့တက်ရောက်လာသည့် ပြည်သူလူထုကြီးသည် ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဖတ်ကြား

ဇန်နဝါရီ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဗဟန်းမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ဖတ်ကြားစဉ်။

(၁၃၅)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၏အနောက်ဘက် ဟာရက်ပြည်နယ်တွင် နေတိုး ဦးဆောင်သော တပ်ဖွဲ့များကို ပစ်မှတ်ထားသည့် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မြောက်ကိုရီးယား မပြန့်ပွားရေးကိစ္စ အမေရိကန်တို့စံနှုန်းနှစ်မျိုးသုံးနေဟုဆို

ပြုံယမ်း ဇန်နဝါရီ ၄

အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယား မပြန့်ပွားရေးနှင့်စပ်လျဉ်း၍ စံနှုန်းနှစ်မျိုးထား ကျင့်သုံးလျက်ရှိပြီး မြောက်ကိုရီးယားဖျံ့နှံ့အောင် အားပေးနေသည်ဟု မြောက်ကိုရီးယားမှ မင်ဂျူဂျိုဆန် နေ့စဉ်သတင်းစာက ဇန်နဝါရီ ၂ရက်တွင် ရေးသားလိုက်သည်။

စွပ်စွဲ

အမေရိကန်နိုင်ငံက အချို့နိုင်ငံများသို့ မြူကလီးယားလောင်စာနှင့် နည်းပညာများဖြန့်ဖြူးပေးနေစဉ် တစ်ချိန်တည်းမှာပင် မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့က အကြမ်းဖက်အုပ်စုများကို မြူကလီးယားလက်နက်များ ဖြန့်နေသည်ဟု စွပ်စွဲကြောင်း သတင်းစာက ထောက်ပြဝေဖန်သည်။

ထင်ရာစိုင်းနေ

အမေရိကန်နိုင်ငံသည် မြူကလီးယားအရေးကိစ္စနှင့် ပတ်သက်၍ တိကျသည့်မူမရှိဘဲ ထင်ရာစိုင်းနေကြောင်း အထက်ပါဖြစ်ရပ်က သက်သေထူနေသည်ဟုလည်း သတင်းစာက ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစ္စရေးတို့ ဂါဇာကမ်းမြောင်ကို တိုက်ခိုက်မှု ရှစ်ရက်အတွင်း ၄၆၂ ဦးသေဆုံး

ဂါဇာ ဇန်နဝါရီ ၄

ဟားမတ်စ်တို့အုပ်စိုးရာ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ အဆက်မပြတ် ဆက်လက်တိုက်ခိုက်လျက်ရှိရာ ရှစ်ရက်တာကာလအတွင်း ပါလက်စတိုင်းလူမျိုး စုစုပေါင်း ၄၆၂ဦး သေဆုံးခဲ့ပြီး ၂၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း ထိပ်တန်းအရာရှိတစ်ဦးက ဇန်နဝါရီ ၃ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သေဆုံးသူများတွင် ကလေး ၇၆ဦးနှင့် အမျိုးသမီး ၃၈ဦးပါဝင်ကြောင်း၊ ဒဏ်ရာရသူများအနက် လူ၆၀၀မှာ အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေရှိကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ အရေးပေါ်ကယ်ဆယ်ရေးနှင့် လူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းအကြီးအကဲ မိုအဇီယာဟက်ဆာနီအင်က သတင်းထောက်များအား ပြောကြားသည်။

ကြေညာ

အစ္စရေးတို့က ဇန်နဝါရီ ၃ရက် ညနေပိုင်းတွင် ဟားမတ်စ်တို့၏ နေထိုင်ရာ ပစ်မှတ်အများအပြားကို စစ်လေယာဉ်များ၊ တင့်ကားများဖြင့် လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ယင်းနေ့က ပါလက်စတိုင်း ၂၀သေဆုံးပြီး ၅၃ဦး ဒဏ်ရာရရှိခဲ့သဖြင့် သေဆုံးသူဦးရေ ပိုမိုမြင့်တက်လာခဲ့ကြောင်း ဟက်ဆာ နီအင်က ကြေညာခဲ့သည်။

အသေးစိတ် ရှင်းလင်း

ယင်းနေ့ညနေပိုင်း တိုက်ခိုက်မှုများအနက် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ အဆောက်အအုံတစ်ခုကို အစ္စရေးတို့၏ တင့်ကားကျည်ဆန်ထိမှန်မှုကြောင့် ပါလက်စတိုင်း ၁၄ဦးသေဆုံးခဲ့ကြောင်း၊ လေးဦးမှာ ဂါဇာ-အီဂျစ်နယ်စပ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း၊ နှစ်ဦးမှာမူ ဂါဇာစီးတီးမြောက်ပိုင်း၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဟက်ဆာနီအင်က အသေးစိတ် ရှင်းလင်းပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီး အသက် ၁၁၅နှစ်၌ ကွယ်လွန်

လစ္စဘွန်း ဇန်နဝါရီ ၄

ပေါ်တူဂီနိုင်ငံမှ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဖြစ်သူ မာရီယာဒီဂျီးဆပ်မှာ ဇန်နဝါရီ ၂ရက်က ကွယ်လွန်သွားပြီဟု မိသားစုဝင်တစ်ဦးက ပြောကြားလိုက်သည်။

ကမ္ဘာ့အသက်အကြီးဆုံး

မီးစ်မာရီယာမှာ ကွယ်လွန်စဉ်က အသက်၁၁၅နှစ်ရှိပြီဟု သိရသည်။ အမေရိကန် အမျိုးသမီးကြီး အက်နာပတ်ကား အသက်၁၁၅နှစ်နှင့် ရက်၂၂၀အရွယ်တွင် ပြီးခဲ့သည့် နိုဝင်ဘာလက ကွယ်လွန်ပြီးနောက် မီးစ်မာရီယာမှာ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဖြစ်လာခြင်း ဖြစ်သည်။

မီးစ်မာရီယာမှာ ၁၈၉၃ခုနှစ် စက်တင်ဘာ၁၀ရက်က ဖွားမြင်သူဖြစ်သဖြင့် ကွယ်လွန်ချိန်တွင် အသက် ၁၁၅နှစ်နှင့် ၁၁၄ရက်ရှိပြီ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ ဇန်နဝါရီ ၃ရက် ညနေပိုင်းက လေကြောင်း တိုက်ခိုက်မှုများပြုလုပ်ပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အစ္စရေးတောင်ပိုင်းသို့ ဟားမတ်စ်တို့က ဒုံးကျည်များဖြင့်ပစ်ခတ်

ဂါဇာ ဇန်နဝါရီ ၄

အစ္စရေးတပ်ဖွဲ့ဝင်များ လေကြောင်းမှပစ်ခတ်တိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ဟားမတ်စ်တို့က အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟားမတ်စ်တို့က ဇန်နဝါရီ ၄ရက်၌ ပြောကြားသည်။

သတင်းမထုတ်ပြန်

ဟားမတ်စ်တို့ပစ်ခတ်သော ဒုံးကျည်နှစ်စင်းကြောင့် အစ္စရေးတောင်ပိုင်း၌ မီးခိုးများထွက်ရှိလာသော်လည်း အစ္စရေးတို့က ထိခိုက်မှုတစ်စုံတစ်ရာရှိသည်ဟု သတင်းမထုတ်ပြန်ခဲ့ချေ။

ပြောကြား

ဂါဇာကမ်းမြောင်မှနေ၍ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဟားမတ်စ်တို့က ပစ်ခတ်ခဲ့သည့် ဒုံးကျည်များမှာ ဇန်နဝါရီ ၄ရက်၌ ဒုံးကျည်ကိုးစင်းအထိရှိကြောင်း ဟားမတ်စ်တို့ပြောကြားသည်။

(အင်တာနက်)

ဒဏ်ရာရ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မြောက်ဘက် ပါဝန်ပြည်နယ်ရှိ ဌာနဆိုင်ရာ အဆောက်အအုံတစ်ခုအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦး ဆေးရုံသို့ရောက်ရှိနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဒုံးကျည်များပစ်မှု ပါကစ္စတန်၌ သုံးဦးသေဆုံး

ပက်ရှဝါ ဇန်နဝါရီ ၄

ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ဒေသအတွင်း အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စင်းက ဇန်နဝါရီ ၂ရက်တွင် ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်သဖြင့် အနည်းဆုံး သုံးဦးသေဆုံးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

အမေရိကန် ဒုံးကျည်နှစ်စင်းသည် တောင်ဝါဇီရစ္စတန် ဒေသရှိ ဝါနာမြို့မြောက်ဘက် ၃၅မိုင်ခန့်အကွာ တာလီဘန်စစ်သွေးကြွများ လောလောဆယ် အသုံးပြုနေသည့် အမျိုးသမီးစာသင်ကျောင်းဟောင်းကို ထိမှန်သဖြင့် သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း အမည်မဖော်လိုသည့် ထောက်လှမ်းရေးအရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

နော်ဝေနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်

သတင်းအက်ဆေး

နော်ဝေဘုရင့်နိုင်ငံသည် ဥရောပအနောက်မြောက်ဒေသရှိ စကင်ဒီနေဗီယန်ကျွန်းဆွယ်အနောက်ပိုင်းတွင် တည်ရှိသည်။ ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် လူနေမှုအဆင့်အတန်း အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ယင်းသို့ ချမ်းသာကြွယ်ဝခြင်းမှာ အဓိကအားဖြင့် ၁၉၆၀ပြည့်လွန်နှစ်များတွင် ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့သိုက်များ တွေ့ရှိခြင်းကြောင့် ဖြစ်သည်။

တန်ဖိုးထား

နော်ဝေဘုရင့်နိုင်ငံ၏ ပို့ကုန်တန်ဖိုးထက်ဝက်ကျော်မှာ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍမှ ရရှိသည်။ နော်ဝေဘုရင့်နိုင်ငံသည် ဆွီဒင်နိုင်ငံနှင့် ၁၉၀၅ခုနှစ်တွင် ပေါင်းစည်းမှု ပျက်ပြားပြီးနောက် လွတ်လပ်ရေးကြေညာသည်။ နော်ဝေပြည်သူများသည် လွတ်လပ်ရေးနှင့် ကြွယ်ဝချမ်းသာမှုကို လွန်စွာတန်ဖိုးထားကြသူများဖြစ်သည်။

မဲဆန္ဒပေးခွင့်ရ

လက်ရှိနိုင်ငံတော်အကြီးအကဲမှာ ပဉ္စမမြောက် ဟာရယ်ဘုရင်ဖြစ်ပြီး ဝန်ကြီးချုပ်မှာ ဂျင်စတိုတင်ဘာတ်ဖြစ်သည်။ ၁၉၀၅ခုနှစ်တွင် နော်ဝေပါလီမန်(စတောတင်း)က လွတ်လပ်ရေးကြေညာသည်။ ဒိန်းမတ်မင်းသားကားလ် ဘုရင်ဖြစ်လာသည်။ ၁၉၁၃ခုနှစ်တွင် အမျိုးသမီးများ မဲဆန္ဒပေးခွင့်ရသည်။

အလုပ်လက်မဲ့ပြဿနာ

၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ကြီးတွင် ကြားနေရန် နော်ဝေ၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံတို့ သဘောတူကြသည်။ ၁၉၂၀ပြည့်နှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ ဝင်သည်။ ၁၉၂၉ခုနှစ်တွင် ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ဤနိုင်ငံအထိနာခဲ့သည်။ အလုပ်လက်မဲ့ပြဿနာမှာ ဒုတိယကမ္ဘာစစ်ကြီးအစပြုသည့် အချိန်အထိ ကြီးမားခဲ့သည်။

နော်ဝေဘုရင့်နိုင်ငံ၏ ပို့ကုန်တန်ဖိုးထက်ဝက်ကျော်မှာ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍမှ ရရှိ၊ နော်ဝေဘုရင့်နိုင်ငံသည် ဆွီဒင်နိုင်ငံနှင့် ၁၉၀၅ခုနှစ်တွင် ပေါင်းစည်းမှု ပျက်ပြားပြီးနောက် လွတ်လပ်ရေး ကြေညာ၊ နော်ဝေပြည်သူများသည် လွတ်လပ်ရေးနှင့် ကြွယ်ဝ ချမ်းသာမှုကို လွန်စွာတန်ဖိုးထားကြသူများဖြစ်။

ဝန်ကြီးချုပ်အဖြစ်ကြေညာ

၁၉၃၉ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာစဉ် ဤနိုင်ငံက ကြားနေကြောင်းကြေညာသည်။ သို့သော် ကြာရှည်ထိန်းထားရန် ပိုမိုခက်ခဲလာသည်။ ၁၉၄၀ပြည့်နှစ် ဧပြီလတွင် ဂျာမန်တပ်များ ကျူးကျော်လာသည်။ နှစ်လသာ ခုခံနိုင်သည်။ ထိုနှစ် ဇွန်လတွင် တော်ဝင်မိသားစုနှင့် နော်ဝေအစိုးရတို့ ဗြိတိန်နိုင်ငံသို့ ထွက်ပြေးရသည်။ လန်ဒန်၌ အဝေးရောက် အစိုးရဖွဲ့စည်းသည်။ ကွစ်စလင်းက နော်ဝေဝန်ကြီးချုပ်အဖြစ် ကြေညာသည်။

နေတိုးအဖွဲ့ဝင်ဖြစ်

၁၉၄၁ခုနှစ်တွင် နော်ဝေပြည်သူတို့၏ ကျယ်ပြန့်စွာ ခုခံတွန်းလှန်မှုများကြောင့် ကွစ်စလင်းက မာရှယ်လောထုတ်ပြန်သည်။ ၁၉၄၅ခုနှစ် မေလတွင် နော်ဝေရှိ ဂျာမန်တပ်များ လက်နက်ချသည်။ ထိုနှစ် ဇွန်လတွင် နော်ဝေဘုရင်ပြန်လာသည်။ ကွစ်စလင်းအား နိုင်ငံတော်သစ္စာဖောက်မှုနှင့် ကွပ်မျက်လိုက်သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းဝင်နိုင်ငံဖြစ်လာသည်။ ၁၉၄၉ခုနှစ်တွင် နေတိုးအဖွဲ့ဝင် ဖြစ်လာသည်။

လက်မှတ်ရေးထိုး

၁၉၅၉ခုနှစ်တွင် ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့(အက်ဖတာ) ဝင်ဖြစ်လာသည်။ ၁၉၆၀ပြည့်လွန်နှစ်များအတွင်း မြောက်ပင်လယ်မှ ရေနံနှင့်ဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိသည်။ ၁၉၇၀ပြည့်လွန်နှစ်များတွင် ရေနံနှင့်ဓာတ်ငွေ့များ စတင်တူးဖော်သည်။ ၁၉၇၃ခုနှစ်တွင် အီးအီးစီနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ် လက်မှတ်ထိုးသည်။

ထီးနန်းဆက်ခံ

၁၉၉၁ခုနှစ်တွင် နော်ဝေဘုရင် ပဉ္စမမြောက် အိုလက် နတ်ရွာစံသည်။ သားတော် ပဉ္စမမြောက် ဟာရယ်ထီးနန်းဆက်ခံခဲ့သည်။

ရှုံးနိမ့်

၂၀၀၁ ခုနှစ် စက်တင်ဘာ ရွေးကောက်ပွဲတွင် ဂျင်စတိုတင်ဘာတ်၏ လေဘာအစိုးရ အကြီးအကျယ် အရေးမလှဖြစ်ရသည်။ မည်သည့်ပါတီမျှ ထောက်ခံမှုအများစု မရချေ။ ထိုနှစ်အောက်တိုဘာလတွင် ညွန့်ပေါင်းအစိုးရဖွဲ့ပြီး မက်ဂနေဘွန်ဒီဗစ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာရွေးကောက်ပွဲတွင် ရှုံးနိမ့်ပြီး လေဘာပါတီအောင်ပွဲခံကာ ဂျင်စတိုတင်ဘာတ် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြန်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ၂၀၀၉ ခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲအပြီးတွင် ပါလီမန်၌ အထက်နှင့်အောက်လွှတ်တော်နှစ်ရပ် ထားရှိသည့်စနစ်ကို ဖျက်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုက်သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဘဝအမောပြေ

ပြောလိုက်ပုံက....

တံခါးခေါက်သံကြားသဖြင့် မစ္စတာစမစ်အိမ်တံခါးကိုဖွင့်ပေးလိုက်ရာ ယောက္ခမဇနီးမောင်နှံကို တွေ့လိုက်ရလေသည်။

မစ္စတာစမစ်	။ ။	ဩော်၊ ဘယ်သူတွေလဲလို့
ယောက္ခမ	။ ။	အေး၊ အလည်လာကြတာလေ၊
မစ္စတာစမစ်	။ ။	ဟုတ်ကဲ့၊
ယောက္ခမ	။ ။	ဒါထက်၊ သမီးကောရှိရဲ့လား။
မစ္စတာစမစ်	။ ။	ဟုတ်ကဲ့၊ ရှိပါတယ်၊
ယောက္ခမ	။ ။	ငါတို့လဲ မင်းတို့အိမ်မှာ ပျော်သလောက်နေမယ်လို့ စိတ်ကူးပြီး လာခဲ့တာပဲ။
မစ္စတာစမစ်	။ ။	ဩော်၊ ဟုတ်ကဲ့။
ယောက္ခမ	။ ။	ကဲ၊ ငါ့သမီးကိုခေါ်ပါဦး။
မစ္စတာစမစ်	။ ။	မိန်းမရေ၊ ဒီမှာ မင်းအဖေနဲ့ အမေရောက်နေတယ်၊ ချက်ချင်း ပြန်တော့မှာမို့ မြန်မြန်လာပြီး နှုတ်ဆက်လိုက်ပါဦး။
ယောက္ခမ	။ ။	‘ဘာကွ’

ခံတွင်းအနံ့ ဆိုးရှားခြင်းသည် အစာအိမ်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်ဟုဆို

အင်တာနက် ကျန်းမာရေး

ခံတွင်းအနံ့ဆိုးရှားခြင်းသည် အစာအိမ်ကင်ဆာဖြစ်ပွားမှုနှင့် ဆက်စပ်လျက်ရှိကြောင်း ဂျပန်သုတေသန ပညာရှင်များက သတိပေးလိုက်သည်။

ရောဂါရ

ခံတွင်းသန့်ရှင်းအောင် မထားသူများသည် အကျိုးမပြုသည့် ဗက်တီးရီးယားများကို တိုးပွားစေပြီး ခံတွင်းမှတစ်ဆင့် ဝမ်းဗိုက်အတွင်းသို့ ဝင်ရောက်သွားကာ ရောဂါရစေခြင်းဖြစ်သည်။

အစာအိမ်ကင်ဆာဖြစ်

ထို့ကြောင့် ဆရာဝန်များနှင့်ဆွေးနွေးကာ ခံတွင်းအတွင်း အနံ့အသက်ပျောက်သော ဆေးဝါးများကို စားသုံးသင့်ကြောင်း သိရသည်။ အစာအိမ်အတွင်းသို့ ဆိုးရွားသောဗက်တီးရီးယားများ ရောက်ရှိခြင်းသည် အစာအိမ်ကင်ဆာဖြစ်ပွားစေကြောင်း သိရသည်။

သွေးကလာပ်စည်းများပျက်စီး

ခံတွင်းကို နေ့စဉ် အနည်းဆုံး သုံးကြိမ်ခန့် သန့်ရှင်းသင့်ကြောင်း၊ သတိပေးချက်လည်း ပေါ်လာကြောင်း ၎င်းတို့က ပြောကြားသည်။ သွေးကလာပ်စည်းများပျက်စီးမှုကို ပိုမိုဖြစ်ပေါ်စေကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

ဘဝဒဿန

- *If you wish success in life, make perseverance your bosom friend, experience your wise counselor, caution your elder brother and hope your guardian genius.*

❒ *သင့်အနေဖြင့် ဘဝတွင် အောင်မြင်လိုပါက လုံ့လဝီရိယကို သင်၏ ငယ်ပေါင်းကြီးဖော်မိတ်ဆွေကဲ့သို့ မိတ်ဖွဲ့ထားရမည်။ သင့်အား သတိပေးသွန်သင်လေ့ရှိသည့် အစ်ကိုသဖွယ်ဖြစ်ပြီး အကြံပေးပုဂ္ဂိုလ်သဖွယ်လည်းဖြစ်သော ဉာဏ်ပညာ၏ အကူအညီကို ရယူပါ။ သင်၏ အုပ်ထိန်းသူသဖွယ်ဖြစ်သော ပါရမီကိုလည်းမျှော်လင့်ထားပါ။*

ဂျိုးဇက်အက်ဒီဆန်(အင်္ဂလိပ်လူမျိုးစာတမ်းရှင်၊ ကဗျာဆရာနှင့် နိုင်ငံရေးသမား)

အာကာသသိပ္ပံ

ထူးခြားပြီး ရောင်စုံတောက်ပနေသည့်ကြယ်တာရာများ အာကာသအတွင်း တွေ့ရှိ

အာကာသအတွင်း ထူးခြားစွာ ရောင်စုံတောက်ပနေသော ကြယ်တာရာအချို့ကို ရှာဖွေတွေ့ရှိရကြောင်း နာဆာသုတေသန ပညာရှင် ဝီလျံဟာကယ်က ပြောကြားသည်။

ထိုသို့ လင်းလက်တောက်ပသော ကြယ်တာရာမှာ ကမ္ဘာမြေမှ အလင်းနှစ် ၂၆၀၀ခန့်အကွာရှိ ကြယ်တာရာအစုအဝေး အမှတ် အင်န်ဂျီစီ-၂၂၆၄တွင် တွေ့ရှိရကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ထူးထူးခြားခြား လင်းလက်တောက်ပနေသော ကြယ်တာရာများကို ဝီလျံဟာကယ်အနေဖြင့် ပြီးခဲ့သည့် နှစ်နှစ်ခန့်မှစတင်တွေ့ရှိခဲ့ရာမှ သတိပြုမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြယ်တာရာများတွေ့ရှိ

သုတေသနမှတ်တမ်းများအရ လွန်ခဲ့သော နှစ်ပေါင်း ၁၇၈၄ခုနှစ်က ပြုစုခဲ့သော မှတ်တမ်းများ၌လည်း အာကာသ၌ ထူးခြားတောက်ပကာ လင်းလက်နေသော ကြယ်တာရာများ၊ ရောင်စဉ်တန်းများဖြာထွက်နေသည့် ကြယ်တာရာများကို တွေ့ရှိကြရသည်ဟု ဖော်ပြထားသည်။

ယခုတွေ့ရှိရသော ကြယ်တာရာအချို့မှာ အပြာရောင်များဖြာထွက်နေပြီး အခြားအရောင်များလည်း ပေါင်းစပ်ထွက်ရှိနေသည်ဟု နာဆာအာကာသပညာရှင် ဝီလျံဟာကယ်က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

■ *ကျောဖုံးမှ*

ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ နေပြည်တော်ခရိုင်၊ နေပြည်တော်၊ နေပြည်တော်ပျဉ်းမနားမြို့နယ်၊ နေပြည်တော်လယ်ဝေးမြို့နယ်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ နံနက် ၆နာရီတွင် ဝင်ရောက် နေရာယူကြသည်။

နေရာယူ

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌနေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများ၊ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များနှင့်လုပ်ငန်းအဖွဲ့ဝင်များ၊နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်းမြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ တိုင်းရင်းသားကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက်၄နာရီ မိနစ်၂၀တွင် ၂၀၀၉ခုနှစ်(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက်၇နာရီတွင် ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက် နေရာယူကြသည်။

ထို့နောက် အခမ်းအနားကျင်းပရာသို့ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

အလေးပြုခြင်းခံယူ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

တက်ရောက်လာကြသူများ

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကျင်းပရာနေရာမှ ပြန်လည် ထွက်ခွာသွားသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ရင်ပြင်မှ ပြန်လည် ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရောင်စုံမီးများထွန်းညှိ

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိ၍ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရသည်။

(သတင်းစဉ်)

ရောင်စုံမီးအလှ

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာန ရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်း အဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟ အဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံ မီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားကြစဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့ညတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင် အအေးပိုနေဆဲ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်၌ တိမ်ဖြစ်ထွန်း

ရန်ကုန် ဇန်နဝါရီ ၄

ဇန်နဝါရီ ၅ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၅ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည် ဖြစ်သည်။

ဇန်နဝါရီ ၄ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။

ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ -၃ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် သာယာနေပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဟဲဟိုးရွာတွင်းလမ်း ကျောက်ချောခင်း

ကလော ဇန်နဝါရီ ၄

ဟဲဟိုးရွာတွင်းလမ်းအား ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ၆ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံက လမ်းခင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ညောင်ရွှေမြို့နယ်၌ အထွက်တိုးကြံစိုက်ခင်း စံကွက်ရိတ်

ညောင်ရွှေမြို့နယ် တိလောကျေးရွာတောင်သူ ဦးအောင် ကြိုင်း၏ လယ်ကွင်း၌ ဒီဇင်ဘာ ဖရက်က ၂၀၀၈-၂၀၀၉ခုနှစ် ကြံရာသီအထူးစံပြစိုက်ကွက် စံပြရိတ်သိမ်းပွဲ အခမ်းအနားကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ရာပြည့်နှင့်အတူ ဒေသခံကြံစိုက် တောင်သူများ တက်ရောက်ကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက အထွက်တိုးကြံများ စံကွက်ရိတ်သိမ်းနေမှုနှင့် ရိတ်သိမ်းပြီး ကြံများချိန်တွယ်နေမှုများကို ကြည့်ရှုအားပေးပြီး စံကွက်ရိတ်သိမ်းမှုမှ တစ်ဧကလျှင် ကြံတန်ချိန် ၅၁တန်ကျော် ထွက်ရှိကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ဆဒ္ဒံမြို့တွင်းလမ်းများပြုပြင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၅ရက်က ဆဒ္ဒံမြို့ မြို့တွင်းလမ်းများပြုပြင်မှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

သီပေါ၌ ဒီဇင်ဘာအားကစားပြိုင်ပွဲ ဆုချီးမြှင့်

၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီက သီပေါမြို့နယ် ဒုဋ္ဌဝတီ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်နှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မင်းပြားမြို့၌ စာပေဟောပြောပွဲကျင်းပ

စစ်တွေခရိုင် မင်းပြားမြို့တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ၁၅ရက် မွန်းတည့် ၁၂နာရီက မြို့နယ်ခမ်းမရုံ၌ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တလုံးကြီး၌ စာဖတ်ဝိုင်းကျင်းပ

တောင်ကြီးခရိုင် ကျောက်တလုံးကြီး မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် စာကြည့်တိုက် လက်ထောက်(၃)ဒေါ်နန်းမျိုးဆောင်းကျော်တို့သည် ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီက ကက္ကူကျေးရွာအုပ်စု ဂနိုင်ထော့ကျေးရွာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိ ပြီးနယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲနှင့်စာဖတ်ဝိုင်းများ ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

စာဆိုတော်လအထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီကကြီးမှူး၍ စာဆိုတော်လ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် ပုံပြောပြိုင်ပွဲတို့ကို ကျေးလက်တောရွာပြုပြင်ရေး စာကြည့်တိုက်အနီးရှိ မြက်ခင်းပြင်၌ ဒီဇင်ဘာ ၁၃ရက်က ကျင်းပခဲ့သည်။ (၀၇၁)

သွေးလှူရှင်များနေ့အခမ်းအနား ဆီဆိုင်၌ကျင်းပ

သွေးလှူရှင်များနေ့ အထိမ်းအမှတ် သွေးလှူရှင်များ ဂုဏ်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် နံနက် ၁၀နာရီခွဲက ဆီဆိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမိုးထွန်းက သွေးလှူရှင်များနေ့ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ဆင်ဘိုမြို့၌ စာပေဟောပြောပွဲ ကျင်းပ

ကချင်ပြည်နယ် ဆင်ဘိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြင်သာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၅ရက် မွန်းလွဲ ၁နာရီက မြင်သာကျေးရွာခန်းမ၌ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ကောလင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြန်မာ့ရေနံလုပ်ငန်းတို့ပူးပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၈ရက်က ကောလင်းမြို့ ကျော်ဇေယျာရပ် မြန်မာ့ရေနံလုပ်ငန်းဝင်း အတွင်းရှိ အရောင်းဆိုင်အမှတ် (၀၆၆၂)တွင် ကျင်းပခဲ့သည်။ (၀၃၂)

ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ အခြေခံမီးသတ်သင်တန်းဆင်း

ပုလဲမြို့နယ် မီးဘေးကာကွယ်တားဆီးရေးကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ၂၁ရက်နံနက် ၁၀ နာရီက ကန့်ဒေါင့်ရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်၌ ကာကွယ်ဆေးတိုက်ကျွေးရေး ဆွေးနွေး

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်အဆင့် အမျိုးသားကာကွယ်ဆေး တိုက်ကျွေးခြင်း အသိပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ရက်က ပြင်ဦးလွင် ခုတင် ၃၀၀ဆံ့ဆေးရုံကြီး၌ ကျင်းပရာ ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့တွင် အသက်(၅)နှစ်အောက် ကလေးငယ်များရပ်ကွက်၊ ကျေးရွာများ၌ အချိန်နှင့် တစ်ပြေးညီ ကာကွယ်ဆေးများ တိုက်ကျွေးနိုင်ရေး အသိပေးဆွေးနွေးခဲ့သည်။ (၀၈၈)

ရန်ကုန်တိုင်းအတွင်းရှိစက်မှုဇုန်ကော်မတီများတွေ့ဆုံပွဲ
ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန် ကော်မတီများ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်ဝါရီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်ကော်မတီများ တွေ့ဆုံပွဲသို့ တက်ရောက်၍ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က စက်မှုဇုန်များ၌ အလုပ်ရှင် အလုပ်သမားအငြင်းပွားမှု၊ စက်ရုံအလုပ်ရုံများ၌ လုံခြုံရေး ဆောင်ရွက်ထားမှုနှင့် အသံဆိုး၊ အနံ့ဆိုးထွက်ရှိသည့် စက်ရုံများ ပြောင်းရွှေ့မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ပေး

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စက်မှုဇုန် အတွင်းရှိ လမ်းများပြုပြင်ပေးမှု၊ ရေရရှိရေး ဆောင်ရွက်ပေးမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယခင်လအစည်းအဝေး မှတ်တမ်း၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများမှ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းပေါင်းစပ်

ထို့နောက် တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ပေါက်တောမြို့နယ် သာဇေကုန်းအသက်ကယ်ရေကန် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး သည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၅ရက်က ပေါက်တောမြို့နယ် ပုဏ္ဏားကြီးကျေးရွာ အုပ်စု သာဇေကုန်း အသက်ကယ်ရေကန်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ **(ယာပုံ)** ပြည်နယ် ဆည်မြောင်းဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးမောင်မြင့်က သာဇေကုန်းအသက် ကယ် ရေကန်အား တာပေါင်ပုံစံကျ အဆင့် မြှင့်တင် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကိုလိုက်လံရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

အကျိုးဖြစ်ထွန်း

အဆိုပါ သာဇေကုန်း အသက်ကယ် ရေကန်သည် သဘာဝ ဘေးအန္တရာယ် ကျရောက်လာပါက ပတ်ဝန်းကျင်ရှိကျေးရွာ ငါးရွာ၊ အိမ်ခြေ ၄၅၁ဆောင်၊ အိမ်ထောင်စု ၇၀၈စု၊ လူဦးရေ ၄၇၅၀တို့အတွက် အကျိုး ဖြစ်ထွန်းစေမည့် ရေဂါလန် တစ်သန်း ဆံ့သော ကန်ကြီးဖြစ်ကြောင်း သိရသည်။ (၁၁၃)

ဖျာပုံမြို့ အစီးကလေးကျေးရွာအထကကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ
ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၄

အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒီဇင်ဘာ၂၈ရက် နံနက်ပိုင်းက ဖျာပုံ-အစီးကလေး ကားလမ်း ဘေးဝဲယာရှိ စိုက်ပျိုးအောင်မြင်နေသော နွေစပါးစိုက်ခင်းများနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံမြို့နယ် အစီးကလေးကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း ကျောင်းဆောင် သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်သည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် အလှူရှင် ကိုယ်စား ဦးဇေယျာလင်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလှူရှင် မစ္စတာကီးလူစကီးယားက ကျောင်း ဆောင်သစ်နှင့် သက်ဆိုင်သော စာရွက် စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ကာ ကျုံသွတ်တညီကျေးရွာ၊ သဲအိမ် ကျောင်းစုကျေးရွာနှင့် အစီးကလေး ကျေးရွာ များသို့ ကျောင်းသုံး စာရေးကိရိယာ နှင့်စားသောက်ကုန်များ ပေးအပ်လှူဒါန်း သည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးက ကျေးရွာ များတွင် စားဖိုဆောင်သီးနှံများ စိုက်ပျိုး နိုင်ရန်အတွက် အစီးကလေးကျေးရွာ၊ ကျုံ သွတ်တညီကျေးရွာ၊ သဲအိမ်ကျောင်းစု ကျေးရွာ၊ မရဲပျားပွတ်ကျေးရွာ ၊ ကျုံကျိုက် ကျေးရွာနှင့်ခနောင်ရှမ်းကွင်းကျေးရွာများမှ တာဝန်ရှိသူများထံ ရေတိ၊ ပဲ၊ ကန်စွန်း၊ ချဉ်ပေါင်၊ မုန်လာ၊ ဆလတ်၊ ဂေါ်ဖီစသည့် သီးနှံမျိုးစေ့များကို ပေးအပ်သည်။ (သတင်းစဉ်)

သုဝဏ္ဏမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သုဝဏ္ဏ၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီက ယုဇနဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ် စာပေဘာသာရပ်ထူးချွန်ဆုများ၊ ဘက်စုံထူးချွန်ဆုများ၊ ပန်းချီ၊ ကဗျာ၊ စာစီစာကုံး၊ ဆိုကရေးတီးနှင့် ဖွံ့ဖြိုးရေး ထူးချွန်ဆုများနှင့် အားကစားထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆုချီးမြှင့်

၂၀၀၈ခုနှစ် အာဆီယံလူငယ်ဘောလုံးပွဲတော်တွင် အသက်(၁၄)နှစ်အောက် မြန်မာ ကျောင်းသား လူငယ်လက်ရွေးစင်အဖြစ် မလေးရှားနိုင်ငံ ဆာဗားမြို့သို့ သွားရောက် ကစားခဲ့သော မောင်ကောင်းဆက်နိုင်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြက ဂုဏ်ပြုဆုချီးမြှင့်သည်။ (ဝဲပုံ) (ပညာရေး)

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

စဉ်	အမည်	တည်နေရာဒေသ	ဖွင့်လှစ်/ စတင်သုံးစွဲသည့်နေ့
၁	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့	၁-၁-၂၀၀၈
၂	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ဧရာဝတီတိုင်း၊ အင်္ဂပူမြို့	၁၄-၁-၂၀၀၈
၃	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်စမ်မြို့	၁၁-၂-၂၀၀၈
၄	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့	၁၆-၂-၂၀၀၈
၅	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့	၂၉-၂-၂၀၀၈
၆	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ကချင်ပြည်နယ်၊ နန်းမားမြို့	၂-၃-၂၀၀၈
၇	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	နေပြည်တော် ပြည်စံအောင် စံပြကျေးရွာ	၁၆-၃-၂၀၀၈
၈	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မွန်ပြည်နယ်၊ ချောင်းဆုံမြို့	၁၇-၃-၂၀၀၈
၉	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မွန်ပြည်နယ်၊ ကျိုက္ကမီမြို့	၁၇-၃-၂၀၀၈
၁၀	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မန္တလေးတိုင်း၊ မိုးကုတ်မြို့	၂၁-၃-၂၀၀၈
၁၁	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မန္တလေးတိုင်း၊ ကျပ်ပြင်မြို့	၂၁-၃-၂၀၀၈
၁၂	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊နမ့်ဖတ်ကာမြို့	၂၁-၃-၂၀၀၈
၁၃	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ဧရာဝတီတိုင်း၊ ဇလွန်မြို့	၂၁-၃-၂၀၀၈
၁၄	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့	၂၇-၃-၂၀၀၈
၁၅	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မန္တလေးတိုင်း၊ ကူမဲမြို့	၂၅-၄-၂၀၀၈
၁၆	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ဧရာဝတီတိုင်း၊ ရေကြည်မြို့	၃၀-၄-၂၀၀၈
၁၇	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ဧရာဝတီတိုင်း၊ ကျုံပျော်မြို့	၃၀-၄-၂၀၀၈
၁၈	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ဧရာဝတီတိုင်း၊ ဘိုကလေးမြို့	၃၀-၄-၂၀၀၈
၁၉	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မန္တလေးတိုင်း၊ စဉ့်ကူးမြို့	၈-၅-၂၀၀၈
၂၀	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မန္တလေးတိုင်း၊ လက်ပံလှမြို့	၈-၅-၂၀၀၈
၂၁	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့	၈-၅-၂၀၀၈
၂၂	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	စစ်ကိုင်းတိုင်း၊ မုံရွာ(အလုံ)	၁-၆-၂၀၀၈
၂၃	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မကွေးတိုင်း၊ ရေနံချောင်းစက်မှုဇုန်	၂၆-၇-၂၀၀၈
၂၄	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ကရင်ပြည်နယ်၊ မြဝတီမြို့	၁-၈-၂၀၀၈
၂၅	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့	၁-၈-၂၀၀၈
၂၆	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	စစ်ကိုင်းတိုင်း၊ ကလေးစက်မှုဇုန်	၁-၈-၂၀၀၈
၂၇	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မကွေးတိုင်း၊ နတ်မောက်မြို့	၂၄-၈-၂၀၀၈
၂၈	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မန္တလေးတိုင်း၊ ပုဂံမြို့သစ်	၃၀-၈-၂၀၀၈
၂၉	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ကချင်ပြည်နယ်၊ မိုးမောက်မြို့	၁၁-၁၀-၂၀၀၈
၃၀	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ကချင်ပြည်နယ်၊ မံစီမြို့	၁၂-၁၀-၂၀၀၈
၃၁	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့	၇-၁၁-၂၀၀၈
၃၂	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ဧရာဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့	၁၁-၁၁-၂၀၀၈
၃၃	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ဧရာဝတီတိုင်း၊ အသုတ်မြို့	၃၀-၁၁-၂၀၀၈

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်ဆည်းဖော်ဆောင်နိုင်ခဲ့၍ ပြည်သူတို့၏ အသိအမြင် ဗဟုသုတ ကြွယ်ဝကာ ဆက်သွယ်ပြောဆိုမှုများ အဆင်ပြေ ချောမွေ့လာခဲ့သည်။



ကယားပြည်နယ် လွိုင်ကော်မြို့၌ တည်ဆောက်ပေးထားသည့် ဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မကွေးတိုင်း ရေနံချောင်းစက်မှုဇုန် အော်တိုအိတ်ချိန်းရုံးကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဒို့ပြည်ပိုင်နက် ဒို့အသက်မို့

* လွတ်လပ်ရေးနေ့၊ ဒို့မမေ့။

* မြန်မာအစ၊ တကောင်းမှတည်
တစ်လီပင်းယ၊ အင်းဝကုန်းဘောင်
ထွန်းပြောင်ထိန်ညီး၊ ကိုယ်ပိုင်ထီးနှင့်
ဘုန်းမီးထိန်ဝေ၊ သိန်သရေနှင့်
အခြေခိုင်မာ၊ သာသနာနှင့်
ထံတျာသီကြ၊ ကိုယ့်ဂီတနှင့်
ကျနထင်ရှား၊ စာစကားနှင့်
ဝင့်ကြွားခဲ့ပြန်၊ ကိုယ်ပိုင်ဟန်နှင့်
သယံဇာတ၊ ဖိုးနဂ္ဂနှင့်
ဒါနဝေစည်၊ နတ်ရွှေပြည်လား
စိတ်ထားရှင်ကြည်၊ စည်းလုံးညီခဲ့။

* မြန်မာ့သမိုင်း၊ ခေတ်စဉ်တိုင်းတွင်
တိုင်းနှင့်ပြည်နယ်၊ ဆယ့်လေးသွယ်ဖြင့်
ယှက်နွယ်ပေါင်းထား၊ တိုင်းရင်းသားတို့
ဆွေသားနောင်ရင်း၊ ဆွေမျိုးရင်းသွင်
အစဉ်ညီညာ၊ ပြည်မြန်မာဟု
ကမ္ဘာ့အလယ်၊ ဂုဏ်ဝင့်ထည်ခဲ့။

* သည်နေ့အခါတွင်
ပြည်ခွင်တစ်ဖြာ၊ အေးချမ်းသာပြီ
သာသည့်ရွှေပြည်၊ ကမ္ဘာတည်ရန်
အဖျက်ရန်ကို
တွန်းလှန်ချေမှုန်းကြပါစို့။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်-

ကိုကိုသက် (ထားဝယ်)

၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ခေတ်မီသတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွင့်လှစ်ပေးခဲ့သော ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံ တယ်လီပို့ ပင်မအဆောက်အအုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပိုင်နက် ဒို့အသက်မို့

ပ်ရေးနေ့၊ ဒို့မမေ့။
စ၊ တကောင်းမှတည်
င်းယ၊ အင်းဝကုန်းဘောင်
ာင်ထိန်ညီး၊ ကိုယ်ပိုင်ထီးနှင့်
ထိန်ဝေ၊ သိန်သရေနှင့်
မော၊ သာသနာနှင့်
ဒီကြ၊ ကိုယ့်ဂီတနှင့်
ရှား၊ စာစကားနှင့်
ခဲ့ပြန်၊ ကိုယ်ပိုင်ဟန်နှင့်
တ၊ ဖိုးနဂ္ဂနှင့်
ည်၊ နတ်ရွှေပြည်လား
ရှင်ကြည်၊ စည်းလုံးညီခဲ့။
မိုင်း၊ ခေတ်စဉ်တိုင်းတွင်
ပြည်နယ်၊ ဆယ့်လေးသွယ်ဖြင့်
ယ်ပေါင်းထား၊ တိုင်းရင်းသားတို့
နောင်ရင်း၊ ဆွေမျိုးရင်းသွင်
ညာ၊ ပြည်မြန်မာဟု
လယ်၊ ဂုဏ်ဝင့်ထည်ခဲ့။
အခါတွင်
တစ်ဖြာ၊ အေးချမ်းသာပြီ
ရွှေပြည်၊ ကမ္ဘာတည်ရန်
န်ကို
န်ချေမှုန်းကြပါစို့။ ။

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်-

ကိုကိုသက် (ထားဝယ်)

ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

း ဖွံ့ဖြိုးတိုးတက်လာစေရေး
ရတနာပုံမြို့သစ်ရှိ ရတနာပုံ
ည်။
ပ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

အလေးအမြတ်ပြုကြရမည့် မြန်မာ့လွတ်လပ်ရေးနေ့

ပန်းတောင်း သန်းကြွယ်

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကိုလိုနီနယ်ချဲ့ လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။ ယခု ၂၀၀၉ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့မှာ (၆၁)နှစ်မြောက် အောင်ပွဲသဘင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုခန့်မှစ၍ ဗိသုနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသဖြင့် ပဒေသရာဇ်နိုင်ငံငယ်များ ထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်လာခဲ့သည့် လွတ်လပ်သော နိုင်ငံဖြစ်ခဲ့သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းက ပြန့်ကျဲနေသော ဒေသများကို ပြန်လည်စုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ တောင်ငူကို အခြေပြု၍ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသော ဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘိုကို အခြေပြု၍ အလောင်းမင်းတရား ဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။

သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်။ အေးအတူ၊ ပူအမျှ၊ ဥမကွဲ၊ သိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည်။ မြတ်နိုးဖွယ်ရာ အစဉ်အလာများ၊ ကောင်းမြတ်သောစိတ်ထားများဖြင့် နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ခေတ်အဆက်ဆက် ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ပထဝီဝင်နိုင်ငံရေးအရ သော့ချက်ကျသောတည်နေရာ အနေအထားရှိသည်။ အာရှတိုက်ကုန်းမကြီးပေါ်တွင် တည်ရှိနေပြီး ရှည်လျားသော ပင်လယ်ထွက်ပေါက်ရှိသည့် နိုင်ငံဖြစ်သည်။ အနောက်မြောက်နှင့် မြောက်ပိုင်းတွင် ကြီးမားကျယ်ဝန်းသည့် အာရှတိုက် အတွင်းပိုင်းဒေသများနှင့် ဆက်စပ်နေသည်။ လူဦးရေထူထပ်ပေါများသော တရုတ်၊ အိန္ဒိယ နိုင်ငံကြီးများနှင့် ဆက်စပ်နေသကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများ၊ အရှေ့အာရှနိုင်ငံများနှင့်လည်း နီးကပ်စွာတည်ရှိနေသည်။ စိုက်ပျိုးဖြစ်ထွန်းသော စိုက်ပျိုးမြေများစွာရှိပြီး စိုက်ပျိုးဖြစ်ထွန်းစေနိုင်သော မျှတသည့် ရာသီဥတုလည်း ရှိသည်။ နိုင်ငံတော်၏ မြေတစ်ဝက်ကျော်မှာ အဖိုးတန်သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ စပါးကောက်နှံ ပေါများသကဲ့သို့ ပတ္တမြား၊ ကျောက်သံလည်း ကြွယ်ဝသည်။ ကျွန်းသစ်၊ ရေနံနှင့် သဘာဝတွင်းထွက် များစွာရှိသည်။ ဤကြွယ်ဝမှု အနေအထားနှင့် တည်နေရာအရ သော့ချက်ကျ အရေးပါမှုသည်ပင်လျှင် မြန်မာနိုင်ငံအား နယ်ချဲ့တို့ မျက်စိကျခဲ့ခြင်း၏ အဓိကအကြောင်းရင်း ဖြစ်သည်။

၁၉ရာစုနှစ်တွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်း၏ အင်ပါယာအတွင်း သွတ်သွင်းပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ သို့ရာတွင် မြန်မာတို့၏ မူလဗီဇလက္ခဏာများဖြစ်ကြသော ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာ၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေးဂုဏ်သိက္ခာကို ထိပါးမခံသည့် စိတ်ဓာတ်များကို ပိုင်ဆိုင်ကြသူများဖြစ်သည်နှင့်အညီ တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့သည် အသက်၊ သွေး၊ ချွေးတို့ကို အရင်းတည်လျက် နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချုံချုံ တော်လှန်တိုက်ခိုက်ခဲ့ကြသဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင်ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက အကြင်နိုင်ငံသည် လက်သစ်ကိုလိုနီနယ်ချဲ့ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခံနေရခြင်းပင် ဖြစ်သည်။

အချို့နိုင်ငံများမှာမူ မခေါ်မပင့်ဘဲ အဓမ္မဝင်ရောက်သော တိုင်းတစ်ပါးတပ်များ၏ ကျူးကျော်သိမ်းပိုက်ထားမှုအောက်တွင် ရောက်ရှိနေကာ လုံခြုံရေးလည်း မတည်ဆောက်နိုင်၊ နိုင်ငံထူထောင်ရေးလည်း မဆောင်ရွက်နိုင်ဖြစ်နေသည်။ ရွှေရည်စိမ်လွတ်လပ်ရေးအတုနှင့် ရုပ်သေးအစိုးရတို့ဖြင့် မရှုနိုင်၊ မကယ်နိုင် ဖြစ်နေရသည်။ ကိုယ့်မြေ၊ ကိုယ့်အိမ်မှာ နေထိုင်ရင်း တိုင်းတစ်ပါးသားတို့၏ ထင်သလို ပြုမူစော်ကား ဗိုလ်ကျမှုကို ခံနေရသည်။ ထင်သလို ဖုံးကြဲခြင်း၊ ပစ်ခတ်ခြင်းတို့ကြောင့် ဒေသခံပြည်သူများ အဓိပ္ပာယ်မဲ့စွာ အသက်ဆုံးပါးနေကြရသည်။

ယနေ့ခေတ်မှာ သူ့အလိုအလျောက်မကွဲလျှင်ပင် တမင်ဝင်၍ သပ်လျှိုဖြိုခွဲသော ခေတ်ဖြစ်သည်။ ခွဲ၍မရလျှင် စစ်အင်အားသုံး၍ ခြိမ်းခြောက်ရန် ဝန်မလေးသော ခေတ်ဖြစ်သည်။ တတိယကမ္ဘာစစ်ဆိုသော စကားကိုပင် လက်လွှတ်စပယ်ပြောဆိုနေသော ခေတ်ဖြစ်ရာ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာဆိုသည်ကို ဟင်းရွက်ကန်စွန်းလောက်ပင် အရေးမထားဘဲ အင်အားကိုသာ အမှန်တရားအဖြစ် ကိုးကွယ်ဆည်းကပ်နေကြသည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင်အင်အားရှိမှသာ ကိုယ့်နိုင်ငံလွတ်လပ်ရေးကို ကိုယ်တိုင် ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို တည်ဆောက်နိုင်မည် ဖြစ်သည်။ ညီညွတ်ခြင်းသည် ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော၊ နိုင်ငံတည်ဆောက်ရေးအတွက်လည်း အဓိကကျသော မောင်းနှင်အားပင်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှစ်၄၀ခန့်နှောင့်နှေးစေခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုမီးကို ငြိမ်းသတ်ကာ ညီညွတ်ငြိမ်းချမ်းသော အနေအထားသို့ရောက်အောင် နိုင်ငံတော်အစိုးရက စွမ်းဆောင်ရယူခဲ့ခြင်းဖြစ်သည်။

ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် တညီတညွတ်တည်း ခံယူသတ်မှတ်ပြီး ရှေးရှုဆောင်ရွက် ချီတက်လျက်ရှိသည်။ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး၊ အခြေခံအဆောက်အအုံ **များ တောင့်တင်းခိုင်မာလာစေရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဖြည့်ဆည်း အကောင်အထည်ဖော်လျက်ရှိပေသည်။ နိုင်ငံတစ်ဝန်းလုံးတွင် အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် တစိုက်မတ်မတ် နေ့မအား၊ ညမနား ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသ (၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ ရရှိနေပြီဖြစ်သည်။** ဖြစ်တည်ပေါ်ထွန်းလာသော ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကိုလည်း လက်ညှိုးထိုးမလွဲ တွေ့မြင်နိုင်ကြပြီဖြစ်သည်။

> ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးကို အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် တညီတညွတ်တည်း ခံယူသတ်မှတ်ပြီး ရှေးရှုဆောင်ရွက်ချီတက်လျက်ရှိ။

> နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မရှိမဖြစ် လိုအပ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး၊ အခြေခံအဆောက်အအုံများ တောင့်တင်း ခိုင်မာလာစေရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဖြည့်ဆည်းအကောင် အထည်ဖော်လျက်ရှိ။

> နိုင်ငံတစ်ဝန်းလုံးတွင် အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် တစိုက်မတ်မတ် နေ့မအား၊ ညမနား ဆောင်ရွက်ဖြည့်ဆည်းပေး လျက်ရှိ။ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အထူးဖွံ့ဖြိုးရေးဒေသ (၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် များ ရရှိနေပြီဖြစ်။

အချင်းချင်း မညီညွတ်မှု၊ ဆူပူအုံကြွမှု၊ ပဋိပက္ခများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်၍ မရနိုင်ပေ။ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှု၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံကြိုးပမ်းမှု၊ ခြိုးခြံချွေတာစုဆောင်းမှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အထူးလိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင်ဖြစ်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံ လက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက အကြင် နိုင်ငံသည် လက်သစ်ကိုလိုနီနယ်ချဲ့ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြု ခံနေရခြင်းပင်ဖြစ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့
ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

ဂျပန်နိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်ဘုရင်မင်းမြတ် အကီဟီတိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားများ ချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်အတွက် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ တာရိုအာဆိုထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဆုမွန်ကောင်းတောင်းပါကြောင်း၊ နှစ်နိုင်ငံအကြားချစ်ခင်ရင်းနှီးမှု၊ ဆက်ဆံရေးများ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟီရိုဖုမိနာကာဆိုနဲထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပြည်သူများ အနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူ ဝမ်းမြောက်စွာ သဝဏ်လွှာ ပါးအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုများ သည် လာမည့်နှစ်များအတွင်း ပူးပေါင်း ဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် ယုံကြည်မှု များ တိုးပွားလာပါကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ်က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါ သမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာ ပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အကြား ရှိရင်းစွဲဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသစွာ ပူးပေါင်းဆောင်ရွက်မှု များသည် လာအိုနှင့်မြန်မာ နှစ်နိုင်ငံ ပြည်သူများ ဆက်ဆံရေးပိုမိုခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ပါ ကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့လည်း လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆူလစ်က ဂုဏ်ယူဝမ်း မြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ကျူးဘားသမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံ တော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေး နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာရောင်းလ်ကတ်စထရိုရုဇ် ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကျူးဘား သမ္မတနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်း မြောက်စွာ သဝဏ်လွှာ ပါးအပ်ပါကြောင်း၊ ကျူးဘား-မြန်မာ ဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီး လျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံ တော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ကျူးဘားသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဖိလ်ဝ်ပိရပ်ရန် က သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွ လက်တွဲ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျ ရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံ တော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေး ပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါ သမယတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိ အနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက် စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ အဆွေ တော် ကျန်းမာစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့် နှစ်များအတွင်း ပူးပေါင်း ဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် ယုံကြည်မှု များ တိုးပွားလာပါကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ထံသို့လည်း အင်ဒိုနီးရှား သမ္မတနိုင်ငံ ဒုတိယသမ္မတ မူဟာမက်ယူစွပ်ကာလာထံမှ လွတ်လပ် ရေးနေ့ သဝဏ်လွှာ ပေးပို့ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေး ပို့ပါကြောင်း၊ ရှိရင်းစွဲ ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသစွာ ပူးပေါင်း ဆောင်ရွက်မှုများသည် အင်ဒိုနီးရှားနှင့် မြန်မာနှစ်နိုင်ငံပြည်သူများ ဆက်ဆံရေး ပိုမိုခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်လာမည် ဟု မျှော်လင့်ပါကြောင်းစသည်ဖြင့် ဖော်ပြ ပါရှိသည်။

တစ်ဖန် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလို ဘန်ဘန်းယူဒိုရိုနိုထံမှ လွတ်လပ်ရေး နေ့ သဝဏ်လွှာပေးပို့သည်။

ထို့အပြင် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း အင်ဒို နီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအင်ဟာဆန် ဝီရာယုဒက ဂုဏ်ယူ ဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

ထိုင်းနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံ တော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ထိုင်းဘုရင်မင်းမြတ် ဘူမိ ဘောအဒူလျာဒက်ဂျ်ထံမှ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူ ဝမ်းမြောက်စွာ သဝဏ်လွှာ ပေးပို့ပါ ကြောင်း၊ ထိုင်းအစိုးရအနေဖြင့်လည်း ကောင်း၊ ထိုင်းပြည်သူများအနေဖြင့်လည်း ကောင်း လိုက်လှဲဝမ်းမြောက် ဂုဏ်ယူပါ ကြောင်း၊ မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း စသည်ဖြင့်ဖော်ပြပါ ရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်း ထိုင်း နိုင်ငံ ဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ ချာချီဝက သဝဏ်လွှာ ပေးပို့ခဲ့ရာတွင် မိမိတို့နှစ်နိုင်ငံ၏ ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုများသည် အပြန်အလှန် အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ နယ်ပယ် ကဏ္ဍ အသီးသီးတွင် ပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံ တော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ထိုင်းနိုင်ငံ နိုင်ငံ ခြားရေးဝန်ကြီး မစ္စတာ ကာဆစ်ပီရိုးမြ က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ သည်။ ။ (ဆက်လက်ဖော်ပြပါမည်)

ဇန်နဝါရီ၄ရက်က (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို လှိုင်သာယာမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဖတ်ကြားစဉ်။ (၀၉၇)

ဇန်နဝါရီ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒေါပုံမြို့နယ် အထက(၁)၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့တွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဖတ်ကြားစဉ်။ (၁၂၃)

✻ ကျောဖုံးမှ

သစ္စာဝါများ၊ စိမ်းလန်းနေသည့် မြက်ခင်းပြင်၌ ဘာသာဘာဝ ပျော်မြူးနေသည့် အလား ဥနဲ့ပင်များဖြင့် ပုံသွင်းထားသည်မှာ အံ့သြဖွယ် ငေးမောကြည့်ခဲ့ရသေးသည်။

ထိုမှ ဆက်လက်၍ အတွင်းသို့ ဝင်ရောက်သွားခဲ့ကြရာ အရိပ်ရ အပွင့်လှ အပင်ကြီးများ၊ ပန်းအလှပင်များ၊ ရေပန်းများ၊ စိမ်းလန်းနေသည့် မြက်ခင်းများဖြင့် လှပနေသော တောင်ပူစာများကို တွေ့ရသည်မှာ ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှသည်။ အကျယ်အဝန်း ခြောက်ဧကမျှ ရှိမည်ဟု ခန့်မှန်းရသော ရေကန်ကြီးတစ်ကန်အတွင်း၌ ရေပန်းကြီးသုံးခုမှ ရေများ တဖွားဖွား ပန်းထွက်နေသည်မှာ ရေတောင်ကြီးသဖွယ် ဖြစ်နေလေသည်။ ရေပန်းများမှ လွင့်စဉ်လာသော ရေပေါက်ရေစက်များ၊ ရေခိုးရေငွေ့များ၊ စိမ်းလန်းသာယာသော မြက်ခင်းပြင်များကြောင့် ခရီးဝေးမှ လာရောက်သူအဖို့ ကြည်လင်လန်းဆန်း အပန်းပြေသွားစေသည်။

နန်းမြင့်မျှော်စင်

ပန်းဥယျာဉ်၏ မြောက်ဘက်ခြမ်း တစ်နေရာတွင် နန်းမြင့်မျှော်စင်ကြီးတစ်ခု ရှိလေသည်။ ထိုနန်းမြင့်မျှော်စင်ထိပ်၌ အချိန်မှန်မှန် သွားနေသည့် နာရီများ တပ်ဆင်ထားလေသည်။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းတန်ဖိုးထားသောအားဖြင့် နန်းမြင့်မျှော်စင်ကို ထည့်သွင်း တည်ဆောက်ထားဟန်တူသည်။

အနုပညာဆန်

ပန်းဥယျာဉ်အတွင်း အလှအပ ပန်းခင်းများကို ကွေ့ဝိုက်ဖောက်လုပ်ထားသည့် ယာဉ်သွားလမ်းနှင့် လူသွားလမ်းများ တွေ့ရသည်။ လမ်းများမှာ ကွေ့တစ်ခါ၊ ဝိုက်တစ်လှည့်၊ နိမ့်တစ်ခါ၊ မြင့်တစ်ဖုံ တည်ဆောက်ထားသည်မှာ အနုပညာလက်ရာ ဆန်လှသည်။

ယာဉ်သွားလမ်းနှင့် လူသွားလမ်းများ လမ်းဘေး ဝဲယာများတွင် ဆိုက်ပရပ်(စ်) ဟုခေါ်သည့် အပင်များ စိုက်ပျိုးထားသည်မှာ တိုင်လုံးများစီ၍ ထောင်ထားသည့်အလား တစ်မျိုးလှပနေသည်။ ကွမ်းသီးပင်နှင့် ဆင်တူသည့် ကျူးဘားအုန်းပင်များကလည်း ဥယျာဉ်တစ်ခုလုံး ဟိုတစ်စု ဒီတစ်စု စိုက်ပျိုးထားသည်မှာ ရှုမျှော်မဆုံးအောင်ရှိလှသည်။

ဆွဲဆောင်

အလှပင် အမျိုးအစားတွင် ပါဝင်သည့် မင်းပေါ၊ကနုတ်၊ပန်းဖွားထန်း၊ထပ်တစ်ရာထန်း၊ ပဒေသာထန်း၊ ဂျပန်ထန်း၊ တောင်ထန်း၊ မြန်မာထန်း စသော ထန်းအမျိုးမျိုးတို့ကလည်း အပန်းဖြေ လာရောက်ကြည့်ရှုသူများအား ဆွဲဆောင်လျက်ရှိပေသည်။ ထို့အပြင် ခရေ၊ ပိတောက်၊ ပိတောက်ပြာ၊ ကံ့ကော်၊ ကသစ်၊ တရုတ် စကား၊ မိုးမခ၊ ပုန်းညက်၊ မဟော်ဂနီ၊ ပင်လယ်ကဗ္ဗီးပင်များကိုလည်း အစီအစဉ်တကျ စိုက်ပျိုးထားသည်ကို တွေ့မြင်ခဲ့ရသည်။

ဥယျာဉ်အတွင်း အလှအပပြုလုပ်ထားသည့် ထိုင်ခုံလေးများ များစွာရှိသည်။ ပင်မရေကန်ကြီးတစ်ကန်နှင့် ရေပန်းကန်ငယ် ၁၂ကန်ရှိသည်။ ခရီးသွားအပန်းဖြေသူများ အနားယူနိုင်သည့် အဆောင်ကိုးဆောင် ဆောက်လုပ်ထားသည်။ ရှုရပ် ပန်းဥယျာဉ်ငယ် နှစ်ခု၊ ကျောက်တုံးဥယျာဉ်တစ်ခု၊ လူသွားလမ်းပါ ပါဂိုလာ ရေပန်းနှင့် အဋ္ဌဂံ ရေပန်းတစ်ခုကိုလည်း တည်ဆောက်ထားသည်ကို တွေ့ရသည်။

အပန်းဖြေ

“ကျွန်တော်တို့ ဒီရေပန်းဥယျာဉ်ကြီးကို တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၈နာရီမှ ညဈနာရီအထိ ဖွင့်လှစ်ထားပါတယ်။ ညအချိန် ရောင်စုံ ရေပန်းအလှ၊ မီးရောင်စုံ အလှများ ထွန်းညှိထားတာကြောင့် မိသားစုများ၊ အပေါင်းအသင်း မိတ်ဆွေများ ပျော်ရွှင်ကြည်နူးစွာ လာရောက်အပန်းဖြေ နားနေနိုင်ကြပါတယ်။ နေပြည်တော်ရှိ ပြည်သူများနဲ့ ဝန်ထမ်းမိသားစုများ လာရောက်မှုများပါတယ်။ နံနက်ပိုင်းမှာ ကျန်းမာရေးအတွက် လာရောက်အပန်းဖြေတာ ရှိသလို ညနေပိုင်းမှာလည်း အပန်းဖြေကြသူများပါတယ်။ နေ့စဉ် လာရောက်အပန်းဖြေကြတဲ့ ပြည်သူ၁၀၀၀မှ ၁၅၀၀အတွင်းမှာ ရှိပါတယ်။ နေ့ကြီး အခါကြီး စနေ၊ တနင်္ဂနွေနေ့များမှာတော့ ၃၀၀၀လောက် လာရောက် အပန်းဖြေပါတယ်” ဟု နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

သတင်းအဖွဲ့သည် ပန်းဥယျာဉ်၏ မြင်ကွင်းအလှ ပသာဒများကို ငေးမောရင်း လျှောက်လမ်းများအတိုင်း လမ်းလျှောက်လာခဲ့ရာ ရေများ တဝေါဝေါ စီးဆင်းနေသည့် ရေတံခွန်ကြီးတစ်ခုအနီးသို့ အမှတ်မထင် ရောက်ခဲ့သည်။ ယင်းရေတံခွန်ကြီးမှ ရေတံခွန်သုံးခု ပြိုင်တူစီးဆင်းနေသည်။ အလယ်ရေတံခွန်ကြီးမှာ ရေစီးအား သန်ပြီး မတ်စောက်သည်။ ဘေးဝဲယာ တစ်ဖက်တစ်ချက်စီမှ ရေတံခွန်တစ်ခုစီ လှေကားထစ်သဖွယ် စီးဆင်းလျက်ရှိသည်။ ရေတံခွန်တောင်၏ အမြင့်မှာ ပေ၄၀ရှိသည်။ ရေတံခွန်တောင်၏ အောက်ခြေတွင် အရှည် ၁၆၈ပေ၊ အမြင့် ၁၂ပေရှိ ကျောက်စက်ပန်းဆွဲချည်တိုင်များဖြင့် သဘာဝကျနစွာ ဖန်တီး တည်ဆောက်ထားသည့် ဥမင်လိုဏ်ခေါင်းတစ်ခု တည်ရှိသည်။ ရေတံခွန်ကြီးကို သစ်ပင်၊ ပန်းမန်များဖြင့် အလှဆင်ထားသည်။

ကြိုးတံတား

ရေတံခွန်ကြီး၏မြောက်ဘက် မလှမ်းမကမ်းတွင် ငလိုက်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသည့် ပေ၁၈၀ရှိ လူကူးကြိုးတံတားတစ်ခု တည်ရှိသည်။ ရေတံခွန်ကြီးနှင့် ၎င်းကြိုးတံတားကြီးမှာ နေပြည်တော်ရေပန်းဥယျာဉ်ကြီး၏ တိုးချဲ့တည်ဆောက်ခဲ့သည့် အစိတ်အပိုင်းများဖြစ်သည်။ ယင်းရေတံခွန်နှင့် ကြိုးတံတားတို့ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက် နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တက်ရောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တိုးချဲ့ဖွင့်လှစ်

ဤနေ့ ဤအချိန်အခါတွင် နေပြည်တော်ရေပန်းဥယျာဉ်ကြီး၏ အစိတ်အပိုင်းများဖြစ်သည့် ရေတံခွန်ကြီးနှင့် ကြိုးတံတားတို့ကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးရုံသာမက နိုင်ငံတော်တစ်ဝန်းလုံး၌ လမ်းတံတားများ စသော ပြည်သူ့အကျိုးပြု အခြေခံအဆောက်အအုံများ အသစ်ဖွင့်လှစ်ခြင်း၊ ပြုပြင်မွမ်းမံ ဖွင့်လှစ်ခြင်းနှင့် တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် ဖွင့်လှစ်ပေးခဲ့သည်။

ဤသည်မှာ အချုပ်အခြာအာဏာ ပိုင်စိုးသည့် နိုင်ငံတစ်နိုင်ငံ အနေဖြင့် လွတ်လပ်ခြင်း၏ အသီးအပွင့်၊ လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ထုတ်ညွှန်းဆို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ရေးကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

လွတ်လပ်ရေးနှင့် ပတ်သက်ပြီး အတွေးနယ်ချဲ့နေသည်မှာ အချိန်အတန်ပင် ကြာသွားခဲ့သည်။

လှချင်တိုင်းလှ

သတင်းအဖွဲ့သည် တိုးချဲ့ဖွင့်လှစ်လိုက်သည့် ရေတံခွန်ကြီးမှတစ်ဆင့် အောက်ဘက်ချိုင့်ထဲသို့ ဆင်းလာကာ ငလိုက်ချောင်းကို ဖြတ်ကူးတည်ဆောက်ခဲ့သည့် ကြိုးတံတားကြီးပေါ်မှ ဖြတ်သန်းလျှောက်ကြသည်။ ကြိုးတံတားကြီးမှာ ကျက်သရေရှိ လှပနေသလောက် နှစ်ကြာရှည်စွာ သုံးစွဲနိုင်ရန် ခိုင်ခံ့အောင်လည်း တည်ဆောက်ထားသည်ကို တွေ့ရသည်။ ယင်းကြိုးတံတားကြီးအနီးတွင် ဧက၁၀၀ ထပ်မံတိုးချဲ့၍ ကလေးအားကစားကွင်းနှင့် သံစုံရေပန်းအက (Water dancing) အဆောက်အအုံကိုလည်း ထပ်မံတိုးချဲ့ တည်ဆောက်နေကြောင်း သိရသည်။ နေပြည်တော်ရေပန်းဥယျာဉ်ကြီးသည် အကျယ်အဝန်း၆၅ဧကရှိသည်။ နေရာကျယ်ဝန်းသလောက် ပန်းအလှပင်၊ အရိပ်ရပင်၊ ရေတံခွန်၊ရေပန်းများ၊ရေကန်ငယ်များ၊ အဖြူ၊ အနီ၊ အဝါ ပန်းအလှပင် အမျိုးမျိုးကြောင့် အလှတွင် အယဉ်ဆင့် လှချင်တိုင်း လှနေပါတော့သည်။

အဆင့်မြှင့်တင်

သို့ဖြစ်၍ နေပြည်တော်ရေပန်းဥယျာဉ်ကြီးသည် တစ်ဆင့်ထက်တစ်ဆင့် အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးခဲ့သဖြင့် နေပြည်တော်နေ ပြည်သူများ၊ ဝန်ထမ်းများ၊ ခရီးသွား ပြည်သူများအတွက် လာရောက်အပန်းဖြေအနားယူရန် အဆင့်မြင့် ရေပန်းဥယျာဉ်ကြီးဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း အလှအပတို့စုဝေးရာ တစ်နေရာ....

နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ ရေတံခွန်ကြီးကို ဤသို့ တွေ့ရသည်။

ဥနဲ့ပင်များဖြင့် တိရစ္ဆာန်ရုပ်လုံးများ ပုံဖော်ထားသည့် စိတ်ဝင်စားဖွယ် မြင်ကွင်းတစ်ခုကို နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ဤသို့ တွေ့ရသည်။

နေပြည်တော် ရေပန်းဥယျာဉ်အတွင်းရှိ ငလိုက်ချောင်းကို ဖြတ်ကူးတည်ဆောက်ထားသည့် လူကူးကြိုးတံတားက ထူးခြားလှပသည်။

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဇော်ဝင်းသည် ဇန်နဝါရီ ၄ရက်မှ ၁၁ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျွန်းမျိုးရိုးဗီဇ ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်း၊ ကျွန်းစိုက်ပျိုးမှု သုတေသနလုပ်ငန်းနှင့် ကျွန်းစိုက်ခင်းများလေ့လာရန်အတွက် ဇန်နဝါရီ ၄ရက် နံနက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် ဇန်နဝါရီ ၄

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇန်နဝါရီ ၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီက အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ အငြိမ်းစား အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၄

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစားကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်၉ နာရီက ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ ပူဇော်ပွဲသို့ တက်ရောက်လာကြသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဩကာသ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

သြဝါဒစကား

ထို့နောက် ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ် ဦးမောင်မောင်ခိုင်(အငြိမ်းစား)၊ ဦးဇော်သန်း(အငြိမ်းစား)၊ ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ် ဦးတင်စိုးနှင့် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများက သြဝါဒစကား ပြောကြားကြသည်။

အမှတ်တရ

ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများ၏ကိုယ်စား ကျောင်းသားဟောင်း ဦးနိုင်နိုင်တိုးက ကျေးဇူးတင်စကားပြောကြားပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ကျောင်းသားဟောင်း ဦးခင်မောင်ဌေးက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၅-၁-၂၀၀၉ရက်

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ အတီးပြိုင်ပွဲ

၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈:၁၀ ၇။ **စည်းကမ်းလိုက်နာ ဘေးကင်းကွာ** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့်၊ ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ-ရန်ကုန်)

၈:၂၀ ၈။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၄:၂၀ ၂။ အကပဒေသာ

၄:၃၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)

၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၅:၀၅ ၆။ မြန်မာစာ မြန်မာစကား(အပိုင်း-၂)

၅:၂၀ ၇။ မွေးမြူစိုက်ပျိုး စီးပွားတိုး (အပိုင်း-၁)

၅:၃၀ ၈။ တေးဂီတအစီအစဉ်

၅:၄၀ ၉။ **တစ်လောကလုံး လင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဥ္စာဦး၊ဝါဝါအောင်၊ဧကဖူးပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၁၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၁၅ ၁၂။ ဆိုကြမယ်ပျော်ကြမယ်

၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရုပ်ပါမင်းနှင့် မာနရှင်** (အပိုင်း-၂၁) (ဇာတ်သိမ်း)

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၅)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

❖ သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ တတိယနေ့ပွဲစဉ် ဗိုလ်လုပွဲများကို ယနေ့နံနက် ၈နာရီကစ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရန်ကုန် မြင်းစီးအသင်း၌ ကျင်းပသည်။ ဒုန်းစီး အကြီးတန်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် သန်းလှိုင်နှင့် အငယ်တန်းပြိုင်ပွဲတွင် သန့်ဇင်တို့က အနိုင်ရ ဗိုလ်စွဲသွားကြသည်။

အငယ်တန်းပြိုင်ပွဲ

ဗိုလ်လုပွဲစဉ်များတွင် ပထမဦးဆုံးအဖြစ် ဒုန်းစီး အငယ်တန်းပြိုင်ပွဲကို ကျင်းပသည်။ အုပ်စုသုံးအုပ်စုမှ ထိပ်ဆုံးနှစ်ဦးစီဖြင့် စုစုပေါင်း ခြောက်ဦးက ဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ကြသည်။ ဝင်းမြင့်အောင်၊အောင်သူထွန်း၊သန့်ဇင်၊ဇင်မင်းဦး၊စိုးသိန်းနှင့် သန်းလွင်တို့ ဖြစ်ကြသည်။ သန့်ဇင်(မြင်းအမည်-Ruby)က တောက်လျှောက်ဦးဆောင်ယှဉ်ပြိုင်ခဲ့ပြီး ဇင်မင်းဦး နောက်မှလိုက်၍ ဖိအားပေးသော်လည်း သန့်ဇင်က ထိပ်ဆုံးမှ ပန်းဝင်နိုင်ခဲ့သည်။ ပထမဆုကိုသန့်ဇင်(မြင်းအမည်-Ruby)၊ ဒုတိယဆုကို ဇင်မင်းဦး (မြင်းအမည်-ပုဂံမင်းသမီး)၊ တတိယဆုကို ဝင်းမြင့်အောင် (မြင်းအမည်-ရွှေအိမ်စံ)တို့က ရရှိသွားပြီး ဆုကြေးများအဖြစ် ပထမ ကျပ်ခုနစ်သိန်း၊ ဒုတိယ ကျပ်ငါးသိန်းနှင့် တတိယ ကျပ်သုံးသိန်းတို့ ရရှိသွားသည်။

အကြီးတန်းပြိုင်ပွဲ

အငယ်တန်းပြိုင်ပွဲအပြီးတွင် အကြီးတန်းပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ လက်ရွေးစင်ကစားသမား သုံးဦး အပါအဝင် စုစုပေါင်း ခြောက်ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်ခဲ့သည်။ ပထမ တစ်ပတ်တွင် တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာသော်လည်း ဒုတိယအပတ်တွင် သန်းလှိုင်က ဦးဆောင်ကာ ပန်းဝင်သည်အထိ ထိပ်ဆုံးမှ ယှဉ်ပြိုင်သွားနိုင်ခဲ့သည်။ ပထမဆုကို လက်ရွေးစင် သန်းလှိုင် (မြင်းအမည်-ရွှေဦး)ကရရှိသွားပြီး လက်ရွေးစင်ကစားသမား သိန်းဝင်း (မြင်းအမည်-စိန်ဆင့်)က ဒုတိယ၊ ဖိုးချွန်(မြင်းအမည်-စိန်မေအောင်)က တတိယတို့ရရှိခဲ့ကြသည်။ ဆုကြေးများအဖြစ် ပထမငွေကျပ်၁၅သိန်း၊ ဒုတိယ ငွေကျပ် ၁၀သိန်းနှင့် တတိယ ကျပ်ငါးသိန်းတို့ ချီးမြှင့်ခဲ့ကြသည်။

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအဖြစ် ကုန်းနှီးမဲ့ဒုန်းပြိုင်ပွဲ ကျင်းပစဉ်။ (မြန်မာ့အလင်း)

အသားကျစီးပြိုင်ပွဲ

ဇန်နဝါရီ ၃ရက်က ကျင်းပခဲ့သော မြန်မာ့ရိုးရာ အသားကျစီးပြိုင်ပွဲတွင် ပထမ ဇော်ဇော်၊ ဒုတိယ ကျော်ဟိုး၊ တတိယ မြင့်သောင်း၊ တန်းခုန်ပြိုင်ပွဲတွင် ပထမ ဇင်မင်းဦး၊ဒုတိယ အငယ်လေးနှင့် တတိယ သိန်းဝင်းတို့ ရရှိခဲ့ကြသည်။ ဆုကြေးများအဖြစ် အသားကျစီးပြိုင်ပွဲတွင် ပထမ ငွေကျပ်ငါးသိန်း၊ ဒုတိယ ငွေကျပ်သုံးသိန်းနှင့် တတိယ ငွေကျပ်နှစ်သိန်း၊ တန်းခုန်ပြိုင်ပွဲတွင် ပထမ ငွေကျပ်သုံးသိန်း၊ ဒုတိယ ငွေကျပ်နှစ်သိန်းနှင့် တတိယ ငွေကျပ်တစ်သိန်းတို့ ချီးမြှင့်ခဲ့သည်။

ကုန်းနှီးမဲ့ဒုန်းပြိုင်ပွဲ

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအဖြစ် ကုန်းနှီးမဲ့ဒုန်းပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်များ တပျော်တပါးဆင်နွှဲခဲ့ပြီး ပရိသတ်များလည်း စည်ကားစွာ အားပေးခဲ့ကြသည်။ ပထမဆုကို ထွန်းသက်က ရရှိပြီး တီဗွီတစ်လုံး ရရှိသွားသည်။

ဆုများကို မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ရန်ကုန်မြင်းစီးအသင်းဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ။

(မြန်မာ့အလင်း)

ပထမဆုချီးမြှင့်

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင် ဒုန်းစီး အကြီးတန်းပြိုင်ပွဲ ပထမဆုရ သန်းလှိုင်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက်၅နာရီခွဲတွင် နေပြည်တော်မြို့မဈေး အရှေ့ဘက်စုရပ်၌ ကျင်းပသော ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း မာရသွန်ပြိုင်ပွဲ၊ လူသစ်တန်း မာရသွန်ပြိုင်ပွဲနှင့် ဝန်ထမ်းမိသားစုများအတွက် မီနီမာရသွန်ပြိုင်ပွဲ တာလွှတ်ပွဲတို့သို့ တက်ရောက်၍ သေနတ်ပစ်ဖောက်ကာ ပြိုင်ပွဲများကို တာလွှတ်ပေးသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲများသို့ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းများနှင့် ဝန်ထမ်းမိသားစုများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် အောင်သူရ (ပြည်ထဲရေး)က ပထမ၊ ညီညီအောင် (ပြည်ထဲရေး)က ဒုတိယ၊ စိုးနိုင်(ကာကွယ်ရေး)က တတိယ၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် ဖြူဝါသက်(စက်မှု-၁)က ပထမ၊စောမာလာနွယ် (စီးပွား/ကူးသန်း)က ဒုတိယ၊ သီတာချို (ပြည်ထဲရေး) က တတိယ၊ အမျိုးသား လူသစ်တန်း ပြိုင်ပွဲတွင် မျိုးကိုကို (ကာကွယ်ရေး) က ပထမ၊ နိုင်ဝင်းအောင် (ကာကွယ်ရေး)က ဒုတိယ၊ အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် အောင်ပိုင်ဟိန်း (ကာကွယ်ရေး)က ပထမ၊ ပြည်စိုး(နေပြည်တော်စည်ပင်)က ဒုတိယ၊ ကျော်မင်းထွန်း (ကာကွယ်ရေး)က တတိယ၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် စန္ဒာထွေး (ကာကွယ်ရေး)က ပထမ၊ နှင်းနုဝင်း (ကာကွယ်ရေး)က ဒုတိယ၊ အေးသူဇာဦး (ကာကွယ်ရေး)က တတိယ အသီးသီးရရှိသွားကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် နေပြည်တော် ဘော်လီဘောကွင်း၌ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ တတိယ နေရာလုပွဲနှင့် ဗိုလ်လုပွဲများကို ကြည့်ရှုအားပေးသည်။

ဆုများပေးအပ်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ၊ လူသစ်တန်းမာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းနှင့် လွန်ဆွဲပြိုင်ပွဲများတွင် ဆုရရှိကြသူများအား (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားအလွတ်တန်းနှင့် အမျိုးသမီး အလွတ်တန်း မာရသွန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသူများအား ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော် ခရိုင်၊ မြို့နယ်များရှိ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဖတ်ကြားစဉ်။ (၁၂၁)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းက ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်ရလဒ်

၄-၁-၂၀၀၉

ဂိုင်လန်ဟမ်	၁-၂	ဗီလာ
ဆောက်သမ်ပတန်	၀-၃	မန်ယူ

စပိန်လာလီဂါရလဒ်

၄-၁-၂၀၀၉

ရီးရဲမက်ဒရစ်	၁-၀	ဗီလာရီးရဲ
ဗီလာဒိုလစ်	၀-၁	ရေဆင်း
အယ်လ်မီးရီးယား	၁-၀	ဘီတစ်စ်
ဘီလ်ဘာအို	၁-၁	အက်စ်ပန်းညို
ရီခရီယေးတီဗို	၃-၁	နူမန်စီယာ
မာလာဂါ	၁-၀	ဂိုင်ဂျွန်

(မြန်မာ့အလင်း)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိ အိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၄

ဇန်နဝါရီ ၄ရက် မြန်မာစံတော်ချိန် နံနက်၂နာရီ ၅၃မိနစ်၂၂စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၀၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (အာဖဂန်နစ္စတန်အနီး) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာ ရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြည်ပ၌ အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၄

ဇန်နဝါရီ ၄ရက် မြန်မာစံတော်ချိန် နံနက် ၂နာရီ ၁၃မိနစ် ၅၄စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင်၂၇၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ၆အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေးဖောင်ပိတ်သတင်း

ရစ်ချ်တာစကေး ၇ ဒသမ ၆ ရှိ ငလျင်လှုပ် အင်ဒိုနီးရှား၌ နေအိမ်နှင့် ဟိုတယ်များ ပြိုကျပျက်စီး

ဂျကာတာ ဇန်နဝါရီ ၄

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူရာပြည်နယ် ကမ်းလွန်၌ ဇန်နဝါရီ ၄ရက် ဒေသစံတော်ချိန် နံနက် ၇နာရီ ၃၃မိနစ်က ရစ်ချ်တာစကေး ၇ဒသမ ၆ အင်အားရှိသော ငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနမှ သတင်းထုတ်ပြန်သည်။

ဦးစွာလှုပ်

ထို့အပြင် ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ ၄၃မိနစ်က အနောက်ပါပူရာပြည်နယ် အရှေ့ပိုင်းတွင် ရစ်ချ်တာစကေး ၇ ဒသမ ၂ အင်အားရှိသော ငလျင်တစ်ခု ဦးစွာလှုပ်သွားခဲ့သည်။

ပြိုကျပျက်စီး

အဆိုပါ အင်အားပြင်းငလျင်လှုပ်မှုကြောင့် နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးပြီး ဟိုတယ်နှစ်လုံးလည်း ပြိုကျခဲ့ကြောင်း **(အပေါ်ပုံ)**၊ လေးဦးသေဆုံးပြီး ဒဏ်ရာရရှိသူများပြားကြောင်း သိရသည်။ **(အင်တာနက်)**

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကညင်ကျိုး-ရွာမ-ပိန်းဇလုပ်ကျေးလက်ဂဝံလမ်း အုတ်/သစ် တံတားတစ်စင်း တည်ဆောက်ပေးခြင်းလုပ်ငန်းကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ နိုဝင်ဘာ ၁၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုင်းပန်၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်းဆွေးနွေး

လင်းခေး ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးသည် မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်လိုက်ပါလျက် ဒီဇင်ဘာ ၈၊ ၉၊ ၁၀ ရက်များက မိုင်းပန်မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ လျာထားချက်နှင့်အညီ ခိုင်မာသည့်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို ကျေးရွာများအရောက် ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာမိဘများအား ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ကျေးရွာများမှ ဆွေးနွေးချက်များအား ခရိုင်ဦးစီးအရာရှိက ဖြေကြားပေးပြီး ကျေးရွာစာကြည့်တိုက်များအတွက် လိုအပ်သည့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ မြို့နယ်လုံးကျွတ် ရှင်သန်ခိုင်မာသည့် စာကြည့်တိုက်များ တည်ဆောက်ပြီးစီးမှုနှင့်ပတ်သက်၍ ဓာတ်ပုံအချက်အလက်များ တင်ပြနိုင်ရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။(ယာပုံ)

ယင်းနှစ်ရက်အတွင်း ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးနှင့် မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်တို့သည် ကျေးရွာများဖြစ်သော ဆုတ်ပျော့၊ နားလော၊ နမ့်တိန်း၊ကုန်းကတ်၊ သုံးမိုင်ကျေးရွာ၊ တုံတစ်ရွာသာယာနှင့် တာဆန်းရွာများသို့အရောက် ကွင်းဆင်းဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

သောက်သုံးရေ

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်သူများသောက်သုံးရေ ဖူလုံရေးအတွက် ရေပိုက်လိုင်းအသစ်များ လဲလှယ်ဆောင်ရွက်ရန် အဖွဲ့ဝန်ထမ်းများ နိုဝင်ဘာ ၂၀ရက်က အဖွဲ့ပိုင် ယာဉ်စက်ယန္တရားများဖြင့် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေဦး အထက(၂)အာစရိယပူဇော်ပွဲ

ရေဦး ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်း ရေဦးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) (ဦးစံမြင့်) ကျောင်းမှ အငြိမ်းစားယူခဲ့သော ဆရာ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ ကျောင်းအုပ်ကြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဖုန်း-၀၇၅-၀၀၁၅၀၊ ဦးထွန်းမင်း (ဗိုလ်အောင်ဇေယျရပ်) ဖုန်း- ၀၇၅-၄၀၀၉၇၊ ဦးကျော်သူ (အောင်ရတနာကား သီးသန့်ဂိတ်)မန္တလေး ဖုန်း-၀၂-၂၁၉၁၉နှင့် ဦးကျော်ကျော်မြင့် ရွှေပြည်သာအိတ်ချိန်း ရန်ကုန် ဖုန်း-၀၉-၅၁-၃၆၆၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၄)

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကညွတ်ကွင်း-မိဿလင်လမ်း မိုင်တိုင် (၁၀/၁) မိုင်/ ဖာလုံရှိ တံတားဦးသစ်သားတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို နိုဝင်ဘာ ၂၁ရက်က အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးမြတ်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

မော်လမြိုင် ဒီဇင်ဘာ ၂၇

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၂ ရက်က မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ် မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သိမ်း၊ မြို့နယ်မီးသတ်ဌာနမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာနမှူးဦးကျော်ကျော်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် တက်ရောက်လာသူများ သိရှိနိုင်အောင် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသ ဓာတ်တိုက်ခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အဆိုပါအဖွဲ့သည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို မြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၌ မိဘပြည်သူများအားတွေ့ဆုံ၍ မီးဘေးအန္တရာယ်အကြောင်း ဆွေးနွေးပြီး နေအိမ်များတွင် မီးချိတ်၊ မီးကပ်များထားရှိရေးတို့ကို ကွင်းဆင်းစစ်ဆေး မှာကြားသည်။ (၀၁၄)

မင်းပြားမြို့ သန့်ရှင်းသာယာလှပမှုရှိစေရေး အတွက် ဘာခံကန်ပေါင် သာယာလှပရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မုံရွာတွင် အခြေခံပညာအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲဆုချီးမြှင့်

မုံရွာ ဒီဇင်ဘာ ၂၃

အမှတ်(၂) အခြေခံပညာဦးစီးဌာန စစ်ကိုင်းတိုင်း တိုင်းပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၀၈-၂၀၀၉ပညာသင်နှစ် အခြေခံပညာအဆင့် အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ရက် နံနက် ၉နာရီက မုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သုံးသပ်

ရေးဦးစွာ စစ်ကိုင်းတိုင်း တိုင်းပညာရေးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အလုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးပြည့်က အကဲဖြတ်ဒိုင်အဖွဲ့၏ သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ထို့နောက် တိုင်းပညာရေးမှူး ဦးသန်းထွန်းက အခြေခံပညာအဆင့် အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဒေါ်စန်းစန်းမြင့်က သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဂန့်ဂေါတွင် သုတသစ္စာစာကြည့်တိုက်သို့ စာအုပ်များနှင့် ပရိဘောဂများလှူဒါန်း

ဂန့်ဂေါ ဒီဇင်ဘာ ၁၈

ဂန့်ဂေါမြို့နယ် ချောင်းနက်ကျေးရွာ သုတသစ္စာစာကြည့်တိုက်သို့ စာအုပ်များနှင့် ပရိဘောဂများပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၆ရက်က ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးဇော်လွင်က အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နမ္မတီးမြို့မှ ဦးလှချိန်-ဒေါ်ညိုတင်မိသားစုက မဂ္ဂဇင်းဂျာနယ်မျိုးစုံ အုပ်၂၃၀၊ ကလေးမြို့မှ ဦးကျော်မြင့်-ဒေါ်အေးလွင်မိသားစုက မြတ်မင်္ဂလာစာစောင် အုပ်၄၀၊ ရန်ကုန်မြို့မှ ဦးမောင်မောင်-ဒေါ်ခင်ခင်အေးမိသားစုက သုတ၊ ရသ အုပ်၄၀နှင့် မဂ္ဂဇင်းမျိုးစုံ အုပ်၆၀တို့ကို ချောင်းနက်ကျေးရွာ စေတနာမေတ္တာသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိထံမှတစ်ဆင့် ပေးပို့လှူဒါန်းကြရာ အလှူရှင်များကိုယ်စား ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်ထံသို့လည်းကောင်း၊ စာကြည့်တိုက်အဆောက်အအုံအလှူရှင် ဒေါ်အေးကျော့က ဗီရိုတစ်လုံးကို စာကြည့်တိုက်မှူး ဒေါ်တင်လှရီထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၀၇၁)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကင်းရွာ-ကြာပင်ကျေးလက်မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင် ရွက် မှု ကို ဒီဇင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့ ကြပ် မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ကျောက်ဖြူ၌ ဆောင်ရွက်

ကျောက်ဖြူ ဒီဇင်ဘာ ၂၀

ကျောက်ဖြူ မြို့နယ် ရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးအတွက် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမြမောင်ကြီးနှင့် ရုံး ဝန်ထမ်း များ သည် ဒီဇင်ဘာ ၈ရက် မွန်းလွဲပိုင်းက ကျောက်ဖြူ မြို့နယ် ဇင်ချောင်း၊ စနဲ၊ မင်းပြင် ကုလာဘာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်သည်။

မြို့နယ်ဦးစီးမှူး ဦးဆောင်သောကွင်းဆင်းကြီးကြပ်အဖွဲ့သည် ကျေးရွာစာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မာရေး၊စာဖတ်ရှိန်မြင့်တင်ရေး၊ စာငှားစနစ်ကျင့်သုံးရေးနှင့် စာအုပ် စာစောင်တိုးပွားရေး ကိစ္စရပ်များကို သက်ဆိုင်ရာ ကျေးရွာအုပ်စုများမှ ရက်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ ညှိနှိုင်း ဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ငှားမည်

မြေညီ၊ ပြင်ဆင်ပြီး၊ ILBC အနီး သဃ်န်းကျွန်းလမ်းမပေါ်။

ဖုန်း-၄၀၀၁၂၅၊ ၀၉-၈၀-၂၀၉၇၉။

SUPER COOL ENGINEERING GROUP မှ

လူကြီးမင်းတို့၏ အဲယားကွန်း၊ ရေခဲသေတ္တာအား ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ဆေးကြောခြင်းလုပ်ငန်းများကို အိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။

ဖုန်း-၇၀၆၃၅၆၊ ၇၀၅၇၈၄။

KO NYAN

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မမြင့်မြင့်ဝင်း ၇/လပတ (နိုင်) ၀၂၄၇၇၇သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

မိခင် ဒေါ်ဝင်း
၇/လပတ(နိုင်)၀၇၀၈၈၁။

မီး
သတိပြု

တရားမပုံစံအမှတ်-၇၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင် နယ်တရားမရုံးတော်၌
၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၀ နှင့်ဆက်သွယ်သည်။
၂၀၀၈ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၀၇ နှင့်ဆက်သွယ်သည်။

ဦးခင်မောင်ဦး နှင့် ဒေါ်ကြူကြူဝင်း
ဒီကရီအနိုင်ရသူ **တရားရှုံး**

တရားရှုံး ဒေါ်ကြူကြူဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၃၆၀ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၅ရက်(၁၃၇၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၉ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ညီညီစိုး
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

တစ်ဦးတည်း ဖြစ်ပါကြောင်း

ပခုက္ကူမြို့ အထက(၁)နဝမတန်း B မှ မောင်အောင်ခိုင်စိုး၏ဖခင် ဦးအောင်ဝင်း(ခ)ဦးချစ်ကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအောင်ဝင်း(ခ)ဦးချစ်ကို။**

ဘက်စုံပြုပြင်ခြင်း အလှူရှင်များသို့

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် ရွှေနားပန်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်နှင့်တကွ သာသနိကအဆောက်အအုံများကို တည်ဆောက်ပြုပြင်ပြီး ဖြစ်ပါသည်။ ထီးတော်တင်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို ၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၁၄ ရက် (၉-၁-၂၀၀၉ရက်) သောကြာနေ့ နံနက် ၈း၃၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဘက်စုံပြုပြင်မွမ်းမံရေးကော်မတီ။

WWW
ATT
X-4

WISDOM VILLAGE
B.A (Hons) M.A (English)
S.A.T G.C.E
I.E.L.T.S Regular Courses
I.E.L.T.S • Writing • Speaking
I.E.L.T.S Foundation Courses

အထက(၂)ကမာရွတ် (ယခင် စိန့်ဩဂတ်စတင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

သူငယ်ချင်းတို့

ဒို့တွေရဲ့ (၁၁)ကြိမ်မြောက် ဆရာကန်တော့ပွဲနဲ့ မိတ်ဆုံညစာစားပွဲကို ၉-၁-၂၀၀၉ရက် ညနေ ၅း၀၀နာရီ IBC မှာ ပျော်ပျော်ပါးပါး ကျင်းပကြမှာဖြစ်ပါတယ်။ မပျက်မကွက်တက်ရောက်ကြပါလို့ ဖိတ်ခေါ်ပါတယ်။

နေ့ရက် - ၂၀၀၉ခုနှစ်၊ ဇန်နဝါရီ ၉ရက် (သောကြာနေ့)

အချိန် - အာစရိယပူဇော်ပွဲ ညနေ ၅း၀၀နာရီမှ ၆း၃၀နာရီအထိ။
မိတ်ဆုံစားပွဲ ည ၇း၀၀ နာရီမှ ၉း၀၀နာရီအထိ။

နေရာ - IBC ပြည်လမ်း၊ ရန်ကုန်မြို့။
မိတ်ဆုံညစာ စားပွဲလက်မှတ်များကို သီးသန့်ရောင်းချပါမည်။

နီနီမာ(Dolly Myint Thein) ဖုန်း-၀၉-၅၁-၀၆၉၄၇၊ ၅၃၄၆၇၀
ပီတာဘသိန်း ဖုန်း-၀၉-၅၁-၃၆၃၇၇၊ ၆၆၆၆၉၅
မော်မော်မြင့် ဖုန်း-၀၉-၅၀-၆၈၀၆၅၊ ၅၃၅၈၀၅
ခင်တိုးယဉ် ဖုန်း-၀၉-၅၀-၂၈၄၁၃

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

Time ရှမှတ်ကောင်းရမည်
IELTS, TOEFL, ENGLISH
Chinese, MYOB,
Graphic-InterNet7000

GGA

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မဟာဗေဃျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးဂေါပကအဖွဲ့

ကြားတောရရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရ ရပ်ကွက်ရှိ မဟာဗေဃျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးတွင် အသုံးမလိုတော့သော ရွှေမိုက်များကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။

၂။ တင်ဒါပုံစံများကို ဂေါပကအဖွဲ့ရုံးတွင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၈-၁-၂၀၀၉ရက် နောက်ဆုံးထား၍ မျက်မြင်ကြည့်ရှုပြီး ချိပ်ပိတ်တင်ဒါ တင်သွင်းနိုင်ပါသည်။

ဂေါပကအဖွဲ့
မဟာဗေဃျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး၊
ကြားတောရရပ်ကွက်၊ ဗဟန်း။

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဒီဇင်ဘာ၁၇ရက်က ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော စနေလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

ကနီ ဇန်နဝါရီ ၁

ကနီမြို့နယ် အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၏ ထူးချွန်ပညာရည်ချွန်ဆု ၂၀၀၇-၂၀၀၈ ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၃ရက်က ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လက်ထောက် ပညာရေးမှူး ဦးအေးကိုက ပညာရည်မြင့်မားရေး ရည်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်ဆုရ ကျောင်းသားကျောင်းသူ ၁၇ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)



ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေရင်း(မြို့ပြ)ရန်ပုံငွေဖြင့် ဆောင်ရွက်သော ချယ်ရီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအတွက် ကျောက်များစုဆောင်းပြီးစီးမှု အခြေအနေကို နိုဝင်ဘာ၁၅ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ၅ရက်က မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်များ၊ စည်ပင်သာယာရေး ဝန်ထမ်းများပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် အမှုဆောင်အရာရှိ ဦးဘမြင့်တို့ ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

မှုခင်း သတင်း

တံတားကျိုးကျပြီး ယာဉ်တိမ်းမှောက်မှု အင်းတော်မြို့နယ်၌ ဖြစ်ပွား

အင်းတော် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်း ကသာ-အင်းတော်-ဗန်းမောက်-မံစီကားလမ်း အင်းတော်မြို့နယ်အတွင်းရှိ တံတားအမှတ် (၁/၂၁) ပေါ်မှမော်တော်ယာဉ်တစ်စီး ဒီဇင်ဘာ၃၁ရက်ကထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ၃၁ရက် ည ၇နာရီကယာဉ်မောင်းအောင်ဆန်းနှင့် ယာဉ်နောက်လိုက် မောင်စိုးတို့သည် MDO ထရပ်ကား အမျိုးအစား(ခြောက်ဘီး) ကားနံပါတ် ၆ခ/၅၀၈၀ပေါ်တွင် ဆီပီပါ အလုံး ၆၀နှင့် အခြားကုန်ပစ္စည်းများ တင်ဆောင်၍ ကသာမြို့မှဗန်းမောက်မြို့သို့ မောင်းနှင်လာရာ အင်းတော်မြို့နယ်အတွင်းရှိ တံတားအမှတ်(၁/၂၁) သစ်သားတံတားကို ဖြတ်ကူးစဉ် တံတားကျိုးကျပြီး ကားမှာတံတားအောက်သို့ ထိုးကျ တိမ်းမှောက်သွားခဲ့သည်။

ပေးလျော်ခဲ့ရ

တံတားကျိုးကျပြီး မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ဒဏ်ရာ အနည်းငယ်စီရရှိကြပြီး တံတားတွင် မော်တော်ယာဉ် ထိုးကျတိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်ပိုင်ရှင်ဦးချစ်ဆွေ နားယောရွာ ဗန်းမောက်မြို့နယ်က တံတားပြုပြင်ထိန်းသိမ်းစရိတ် ငွေကျပ်၁၆သိန်းကို ဇန်နဝါရီ ၁ရက်က အင်းတော်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ပေးလျော်ခဲ့ရကြောင်း သိရသည်။

(၀၃၀)

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမတွင် ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော အမျိုးသားရေးဦးတည်ချက်(၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ကျင်းပရာ ပြည်သူလူထုစုစုပေါင်း အင်အား ၄၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

နေရာယူ

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးနှင့်

စာမျက်နှာ ၆ ကော်လံ ၁ ■

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဖတ်ကြားစဉ်။
(သတင်းစဉ်)

လွတ်လပ်ရေးနှင့် လွတ်လပ်ခြင်း အနှစ်သာရကို ဖော်ဆောင် နေပြည်တော် ရေပန်းဥယျာဉ်ကြီး တိုးချဲ့ဖွင့်လှစ် ပြည်သူအများ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်

➢ သတင်းမြင်ကွင်း - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း-လှရွှေ(ကေတုမတီ) ➢ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်အား ခေတ်မီသန့်ရှင်းသာယာလှပသော မြို့တော်ကြီးဖြစ်ရေး အရှိန်အဟုန်မြှင့်တင် တည်ဆောက်လျက်ရှိသည်။

သွားရောက်လေ့လာ

မိမိတို့ကွင်းဆင်းစာရေးဆရာအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနက် နေပြည်တော် ရေပန်းဥယျာဉ်သို့ မကြာမီက သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ နေပြည်တော်ရေပန်းဥယျာဉ်သည် နေပြည်တော်မြို့တော်ခန်းမ၏ ရှေ့မျက်နှာစာတွင်တည်ရှိပြီး ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းက တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အုံ့ညိဖွယ်ငေးမော

နေပြည်တော်ရေပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် ပုဂံရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာဆန်သော အဝင်မုခ်ဦးကို ဦးစွာ တွေ့ရသည်။ မုခ်ဦးအဝင်ဝအနီးတွင် ဆင်၊ ကျားသစ်၊ သစ်ကုလားအုတ်၊ သမင်၊ ချေ၊ စိုင်၊ ဆတ် စသော *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

မြန်မာ့အလင်း

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

➢ ဒို့ပြည်ပိုင်နက် ဒို့အသက်မို့
ကိုကိုသက်(ထားဝယ်)၏ ကဗျာ စာ - ၈

➢ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း စာ - ၈

➢ အလေးအမြတ် ပြုကြရမည့် မြန်မာ့လွတ်လပ်ရေးနေ့
ပန်းတောင်းသန်းကြွယ်၏ ဆောင်းပါး စာ - ၉